

သည်းထိတ်ရင်ဖို ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# နွေတမာန်

## မိစ္ဆာပူးသော ဘဝများ

ဆုပြည့်စုံထွန်းစာပေ

## အခန်း (၁)

အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသော လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့လေသည်။

လူသတ်တရားခံက နာမည်ကျော် စာရေးဆရာ တက္ကသိုလ် တာရာလင်း ဖြစ်ပြီး အသတ်ခံရသူမှာ မော်ဒယ်ဘွိုင်းတစ်ဦး ဖြစ်ရုံမက ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်အဖြစ်ပါ နာမည်ကျော်ကြားနေသော သင့်တင့်အောင် ဖြစ်ပါသည်။

နှစ်ဦးစလုံးမှာ နိုင်ငံကျော်ပုဂ္ဂိုလ်များမို့ အမှုမှာ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်ပြီး တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

အပတ်စဉ်ထုတ်ဂျာနယ်များ၊ စာစောင်များနှင့် လစဉ်ထုတ် မဂ္ဂဇင်းများသည် လူသတ်မှုသတင်းကို အသားပေး ဖော်ပြခဲ့ကြသည်။ ခြောက်လမျှ ကာလအတွင်း လူထုစိတ်အဝင်စားဆုံး သတင်းဖြစ်ရပ်အဖြစ် မီဒီယာများတွင် ဖော်ပြမဆုံးဖြစ်နေ လေ၏ ။

လူသတ်တရားခံနှင့် သေဆုံးသူတို့၏ ဆက်နွယ်မှုက လူထုကို ပို၍ စိတ်ဝင်စားစေခဲ့ပါသည်။

ယခုအခါ အသက် ၅၇ နှစ်ရှိနေပြီဖြစ်သော စာရေးဆရာ တက္ကသိုလ်တာရာလင်း ခေါ် ဦးလင်းအောင်သည် လွန်ခဲ့သော ၅ နှစ်ခန့်က တက်သစ်စမော်ဒယ်ဘွိုင်းလေး သင့်တင့်အောင် ကို အမွေစား အမွေခံသားအဖြစ် မွေးစားခဲ့ပါ၏ ။

ထိုစဉ်ကတည်းက မီဒီယာများတွင် ဟိုးလေးတကျော် ဖော်ပြခဲ့ခြင်းကြောင့် တစ်တိုင်းပြည်လုံး သိပြီးကိစ္စလည်း ဖြစ်ခဲ့ပါ သည်။

တက္ကသိုလ်တာရာလင်းသည် သင့်တင့်အောင်ကို တရားဝင်

အမွေခံသားအဖြစ် မွေးစားပြီး တိုးတက်အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့သော ကျေးဇူးရှင်တစ်ဦးဟု အနုပညာနယ်ပယ်တစ်ခုလုံးက အသိအမှတ်ပြုထားခဲ့ သည်။

စင်ပေါ်တွင် ကိုယ်ဟန်ပြရုံနှင့် စီပွားရေးကြော်ငြာအချို့တွင် အရံ အဖြစ် မထင်မရှား ပါခွင့်ရရုံသာ ရှိခဲ့သောအခြေအနေမှ သင့်တင့်အောင်ကို ဗီဒီယိုကားများနှင့် ရုပ်ရှင်ကားကြီးများတွင် ခေါင်းဆောင်မင်းသားအဖြစ် အရင်းအနှီးစိုက်ထုတ်၍ ရဲရဲဝံ့ဝံ့ပွဲထုတ်ပေးခဲ့သူမှာ ဦးလင်းအောင် ခေါ် တက္ကသိုလ်တာရာလင်း ဖြစ်ပါသည်။

တက္ကသိုလ်တာရာလင်း နှစဉ်က ရေးသားခဲ့သည့်ဝတ္ထုများသည် သင့်တင့်အောင်ကို ထင်ရှားအောင် ဖန်တီးပေးခဲ့သည့် ဇာတ်လမ်းကောင်းများ ဖြစ်ခဲ့သည်။ တက္ကသိုလ်တာရာလင်း၏ ဝတ္ထုများကို ရိုက်ကူးသည့် ရုပ်ရှင် ကားသုံးကားဖြင့် သင့်တင့်အောင် နာမည်ကျော်ကြားလာခဲ့သည်။

နောက်ဆုံးရိုက်ကူးသည့် 'မောင့်အချစ်တွေ သိန်းသန်းကုဋေ' ဇာတ် ကားတွင် အကယ်ဒမီရွှေစင်ရုပ်ဆုကိုပင် ရယူနိုင်မည်ဟု ထင်ကြေးပေးခံရသည်ထိ အောင်မြင်ခဲ့၏ ။

ထိုကဲ့သို့ သားအဖြစ်မွေးစားခဲ့ရုံမက အောင်မြင်ကျော်ကြား သည် ထိ မိမိကိုယ်တိုင် မြေတောင်မြှောက်ပေးခဲ့သော လူငယ်လေးတစ်ယောက်ကို ဦးလင်းအောင် ခေါ် တက္ကသိုလ်တာရာလင်းက သေနတ်ဖြင့် မသေမချင်း ပစ်သတ်ခဲ့သည့်အခါ ...

*

ရုပ်ရှင်မင်းသားသင့်တင့်အောင်ကို သေနတ်ဖြင့် မသေမချင်း ပစ် သတ်ခဲ့သည့် ပြစ်ချက်ဖြင့် ဦးလင်းအောင် ခေါ် တက္ကသိုလ် တာရာလင်းအား

ဖမ်းဆီးအရေးယူခဲ့လေသည်။

တရားရုံးသို့မတင်ပို့မီ ရဲစခန်း၌ အစစ်ခံရာတွင် -

''ဟုတ်ပါတယ် ...ကျွန်တော်ဟာ သင့်တင့်အောင်လို့ လူအများ သိနေတဲ့ လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ကို သေနတ်နဲ့ပစ်သတ်ခဲ့ပါတယ်။ သေစေလိုတဲ့ဆန္ဒနဲ့ ပစ်သတ်ခဲ့တာလည်း မှန်ပါတယ်။ ဒါပေမဲ့ ... ''ဒါပေမဲ့ အများသိသလို တာရာလင်းက သင့်တင့်အောင်ကို သတ် တာ မဟုတ်ပါဘူးခင်ဗျား ...

''သင့်တင့်အောင်ကသာ တာရာလင်းကို သတ်လိုက်ခြင်းပါပဲ''

စိတ်နောက်ကျူရူပ်ထွေးဖွယ် ဖြစ်ရပ်ကြောင့် တာရာလင်းကို ရူး သွပ်သွားပြီဟု ရဲများက ထင်မြင်မိသည်။

''သေသွားတဲ့ခန္ဓာကိုယ်ဟာ သင့်တင့်အောင်ရဲ့ခန္ဓာကိုယ် ဖြစ် တာ မှန်ပါတယ်။ အဲဒီ ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းနေတဲ့ ဝိညာဉ်နဲ့ စိတ်ဓာတ်က ဦးလင်းအောင်ဆိုတဲ့ တက္ကသိုလ် တာရာလင်းရဲ့ ဝိညာဉ်ပါ ခင်ဗျား''

''ဆရာတာရာ ...ဆရာဟာ သိပ်စိတ်လှုပ်ရှားနေပါတယ်။ ဆရာ အနားယူလိုက်ပါတော့။ ကျွန်တော်တို့ နောက်မှ စစ်ချက်ယူပါ့မယ်ခင်ဗျား''

ရဲအရာရှိက ယဉ်ကျေးသိမ်မွေ့စွာ ပြောလိုက်သည်။

တက္ကသိုလ်တာရာလင်းမှာ ရဲအရာရှိငယ်စဉ်ကတည်းက အသည်းစွဲ စာရေးဆရာတစ်ယောက်မို့ လေးစားရသောစာရေးဆရာတစ်ယောက်၏ ရင် နင့်ဖွယ်ဖြစ်ရပ်အတွက် ရဲအရာရှိမှာ စိတ်မချမ်းမမြေ့ ဖြစ်နေရလေသည်။

''ကျွန်တော် အမှန်အတိုင်းပြောနေတာပါ ရဲအရာရှိမင်း ခင်ဗျား။ ကျွန်တော့်စိတ်တွေ ပုံမှန်ပါပဲ။ ကျွန်တော်ဦးနှောက်လည်း ကောင်းပါတယ်။ ကျွန်တော် အစစ်ခံတာတွေကို သေချာမှတ်တမ်းတင်စေချင်ပါတယ်''

''ဆရာရယ်''

''တကယ်တော့ ကျွန်တော့်ကို ဦးလင်းအောင်ခေါ် တက္ကသိုလ် တာရာလင်း မွေးစားခဲ့ပြီး နောက်တစ်နေ့ကစလို့ အပြောင်းအလဲတွေ ဖြစ်ပေါ်ခဲ့တာပါ''

ရဲအရာရှိသည် ဆရာတာရာလင်း၏ စကားကို နားမလည်နိုင် အောင် ဖြစ်သွားသည်။

တာရာလင်းကလည်း သူ့စကားကို နားထွေးသွားကြောင်း ရိပ်မိကာ ခေတ္တတွေဝေသွားသည်။ သူက တစ်ဖက်သား နားလည်အောင် မည်သို့ ပြောရမည်ကို စဉ်းစားနေဟန်တူသည်။

''အဲ ...ကျွန်တော့်ကိုယ်ကျွန်တော် သင့်တင့်အောင်အေ နနဲ့ စကားပြောနေရင် ခင်ဗျားတို့ နားရှုပ်သွားမယ်။ အဖြစ်အပျက်ကို အစကနေ ကျွန်တော် ပြောပြပ့ါမယ်''

သူက လူအများမယုံနိုင်ဖွယ်ဖြစ်ရပ်များကို ပြောပြခဲ့လေသည်။

''လွန်ခဲ့တဲ့ငါးနှစ်က သင့်တင့်အောင်ဆိုတဲ့ မော်ဒယ်ဘွိုင်းလေးကို စာရေးဆရာတာရာလင်းက အမွေစားအမွေခံအနေနဲ့ မွေးစားခဲ့တာကို ခင်ဗျား တို့ မှတ်မိဦးမယ်ထင်ပါတယ်။

''သင့်တင့်အောင်ကို မွေးစားတဲ့အချိန်အထိက သာမန်ဖြစ်ရိုး ဖြစ်စဉ်ဖြစ်ရပ်ပါပဲ။

''မွေးစားစာချုပ်မှာ လက်မှတ်ထိုးပြီးတဲ့ညကစလို့ အပြောင်းအလဲ တွေ ဖြစ်ခဲ့တာပါ။ တကယ်တော့ ဦးလင်းအောင်က သင့်တင့်အောင်ကို မွေးစားခဲ့တာဟာ လူအများသိသလို သင့်တင့်အောင်ရဲ့ဘဝကို မြေတောင် မြှောက်ပေးဖို့ မဟုတ်ပါဘူး။ သူ့ရဲ့ကိုယ်ကျိုးအတွက်ပါ။

''ဦးလင်းအောင်ဟာ စာချုပ်လက်မှတ်ထိုးပြီးတဲ့ညမှာပဲ သင့်တင့်

အောင်နဲ့ Body Change လုပ်ခဲ့ပါတယ်။ ခန္ဓာကိုယ်ချင်းလဲလှယ်ခဲ့ပါတယ်။

''ခင်ဗျားတို့ အံ့သြသွားပြီ မဟုတ်လား။ ဦးလင်းအောင်ဟာ သြိပ ဃ့ညေါန လုပ်ပြီး သင့်တင့်အောင်ရဲ့ နုပျိုလှပတဲ့ ခန္ဓာကိုယ်ထဲကို သူ့ဝိညာဉ်ကို ပြောင်းပြီး ထည့်ခဲ့တယ်။ သူဟာ သင့်တင့်အောင်ရဲ့ သန်စွမ်းပြီး နုပျိုတဲ့ခန္ဓာ ကိုယ်ကို မက်မောတာပါ။ ကြီးပြင်းလာတဲ့ သူ့အသက်ကို ဆွဲဆန့်ဖို့အတွက် သြိပ ဃ့ညေါန လုပ်လိုက်တာပါ။

''အဲဒီ နည်းနဲ့ သင့်တင့်အောင်ဟာ ဦးလင်းအောင်ရဲ့ လူအို လူမင်း ခန္ဓာကိုယ်ထဲကို ပြောင်းပြီးရောက်သွားရပါတယ်။ ဦးလင်းအောင်ကတော့ သင့်တင့်အောင်ရဲ့ခန္ဓာကိုယ်ကို သုံးပြီး ဘဝကိုနုပျိုလန်းဆန်းတဲ့ လူငယ်တစ် ယောက်အနေနဲ့ ပြန်ပြီး အစပြုနိုင်ခဲ့ပါတယ်။

''အခုစကားပြောနေတဲ့ကျုပ်ဟာ အမှန်တော့ သင့်တင့်အောင်ပါဗျာ။ ဦးလင်းအောင်က ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကို ပြောင်းယူထားတာပါ။

''အဲဒါကို မကျေနပ်လို့ ကျုပ် သူ့ကို သတ်ပစ်ခဲ့တာပဲ။

''အများအမြင်မှာတော့ ဟောဒီခန္ဓာကိုယ်ပိုင်ရှင်ကြီး က သင့်တင့် အောင်ရဲ့ ခန္ဓာကိုယ်ကို သတ်လိုက်တော့ ဦးလင်းအောင်က သင့်တင့်အောင်ကို သတ်တယ်လို့ ထင်ကြပေမပေ့ါ။ တကယ်တော့ ကျုပ် သင့်တင့်အောင် က ကျုပ်ခန္ဓာကိုယ်ကို မတရားသိမ်းပိုက်ထားတဲ့ ဦးလင်းအောင် ခေါ် တာရာလင်း ကို သတ်လိုက်တာပါ''

တာ ရာ လင်း

မှ

**သ င့် တ င့် အော င် ......**

**သို့**

တရားသူကြီးက စာချုပ်ပေါ်တွင် လက်မှတ်ထိုးလိုက်ပြီးသည်နှင့် လက်ခုပ်သံများ တဖြောင်းဖြောင်း ထွက်ပေါ်လာသည်။ တရားသူကြီး ဦးဘသက်သည် ဧည့်ပရိသတ်များဘက်သို့လှည့်၍ အောင်မြင်သော အသံဝါကြီးဖြင့် ပြောကြားလိုက်သည်။

''၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ဖြစ်တဲ့ မင်္ဂလာရှိသော ဤနေ့ ဤရက်ကစလို့ မောင်တင့်အောင် ခေါ် မောင်သင့်တင့်အောင်ဟာ ဦးလင်း အောင် ခေါ် စာရေးဆရာ တက္ကသိုလ် တာရာလင်းရဲ့ အမွေစားအမွေခံသား တစ်ဦး ဖြစ်သွားပါပြီခင်ဗျား''

လက်ခုပ်သံများက တစ်ဖန်ထွက်၍ လာပြန်သည်။

အခမ်းအနားတွင် တရားသူကြီးဦးဘသက်၊ တာရာလင်း၏ စာအုပ် များကိုထုတ်ဝေနေသည့် ထုတ်ဝေသူ ဇနီးမောင်နှံ၊ သင့်တင့်အောင်.ဖခင်ရင်း ဦးမြတ်သွယ်၊ ဂျာနယ်တစ်စောင်မှ ဂျာနယ်လစ်တစ်ဦးနှင့် ဓာတ်ပုံဆရာတစ်ဦး၊ သင့်တင့်အောင် ပါဝင်သရုပ်ဆောင်နေသော ဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာဒီလုံး၊ သင့်တင့်အောင်. မော်ဒယ်အေဂျင်စီမှ နည်းပြဆရာတို့ ရှစ်ဦးရှိနေပါ၏ ။

ဦးလင်းအောင်နှင့် သင့်တင့်အောင်အပါအဝင် ဆယ်ဦးဖြစ်ပါသည်။ ထုတ်ဝေသူနှင့် မော်ဒယ်သင်တန်းနည်းပြတို့က သက်သေများ နေရာတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

''ကဲ ...ဖခင် အသစ်ကျပ်ချွတ်ကြီးဖြစ်တဲ့ ဆရာတာရာလင်းကပဲ မင်္ဂလာစကားလေး မြွက်ကြားပေးပါဦး ခင်ဗျား''

ဦးဘသက်က တောင်းဆိုလိုက်သည်။

ဦးလင်းအောင်က စကားပြောရန် လည်ချောင်းရှင်းလိုက်၏ ။ ဂျာနယ် ဓာတ်ပုံဆရာက ဓာတ်ပုံရိုက်ရန်နေရာမှ ထသည်။

ဂျာနယ်လစ်က အသံဖမ်း စက်ကလေးကို အားလုံးဝိုင်းထိုင်နေသ ည့် စားပွဲခုံပေါ်သို့ ခလုတ် ဖွင့်၍ အသာချထားလိုက်၏ ။

''အထွေအထူးပြောစရာ မရှိပါဘူးခင်ဗျား။ ကျွန်တော့်အနေနဲ့ မောင်သင့်တင့်အောင်ကို မွေးစားတာဟာ အဓိကကတော့ ချစ်လို့ပါ။ နောက်တစ်ချက်က ကိုယ်ချင်းစာလို့ပါ။ အမျာ းသိကြတဲ့အတိုင်း ကျွန်တော်ကိုယ်တိုင် က ကျွန်တော့်ရဲ့ ကျေးဇူးရှင်မွေးစားဖခင်ကြီး ဦးချမ်းငြိမ်းရဲ့ အမွေးစားခံ သားတစ်ယောက်ပါ။

''ကျေးဇူးရှင်ကြီးဦးချမ်းငြိမ်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၈ နှစ်။ တိတိကျကျဆိုရရင် ၁၉၇၀ ခုနှစ်က ကျွန်တော့်ကို မွေးစားခဲ့ပါတယ်''

ဦးဘသက်ကပြုံး၍ ခေါင်းညိတ်ပြရင်း ထောက်ခံလိုက်သည်။ လွန်ခဲ့သော ၂၈ နှစ်ကကြုံခဲ့ရသော ယခုလိုအခမ်းအနားမျိုးကို တရားသူကြီး ဦးဘသက် ပြန်လည်အမှတ်ရမိလေသည်။

နာမည်ရစ ကလောင်ရှင်လေး တက္ကသိုလ်တာရာလင်းကို သူဌေး ကြီး ဦးချမ်းငြိမ်းက မွေးစားခဲ့ရာတွင် လူကြီးသူမများ ရှေ့မှောက်၌ စာချုပ်ချုပ် ဆိုသည့်ပွဲတွင် ဥပဒေဘွဲ့ရခါစ မောင်ဘသက်သည် ဆရာဖြစ်သူနှင့်အတူ ထိုပွဲကို တက်ရောက်ခဲ့ဖူးပါ၏ ။

ယနေ့အချိန်မှာတော့ ဦးလင်းအောင် ခေါ် တာရာလင်းက သူငယ် လေးတစ်ယောက်ကို အမွေစား အမွေခံသားအဖြစ် မွေးစားပြန်ရာ သူသည် တရားသူကြီးတစ်ယောက်အဖြစ် စာချုပ် ချုပ်ဆိုပေးရသည့် အဓိက ကျသော နေရာတွင် ပါဝင်ခဲ့ရပြန်လေပြီ။

''ဖေဖေဦးချမ်းငြိမ်းဟာ စာပေနယ်မှာ မထင်မရှားနဲ့ ကျင်လည်နေရ တဲ့ ကျွန်တော့်ကို မွေးစားပြီး မြေတောင်မြှောက်ပေးခဲ့လို့ ကျွန်တော်ဟာ တက္ကသိုလ်တာရာလင်းဆိုတဲ့နာမည်နဲ့ ထင်ရှားတဲ့ စာရေးဆရာတစ်ဦးဘဝကို

ရောက်ခဲ့ရတာ ပါ''

''မောင်သင့်တင့်အောင်ရဲ့ အရည်အချင်းတွေကိုမြင်လို့ ကျွန်တော့် ဘဝနဲ့ ကိုယ်ချင်းစာပြီး မြေတောင်မြှောက်ပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သိကြတဲ့ အတိုင်း ကျွန်တော်ဟာ သားသမီးမရှိတဲ့ မုဆိုးဖိုတစ်ယောက် ဖြစ်နေပြီး ကျွန်တော့်အမွေကိုဆက်ခံဖို့ သားထောက်သမီးခံကလည်း မရှိလို့ တောက်မယ့် မီးခဲ တရဲရဲဆိုသလို အရည်အချင်းရှိတဲ့ မောင်သင့်တင့်အောင်ကို ထွန်းပေါက် အောင်မြင်အောင် မြေတောင်မြှောက်ပြီး ကျွန်တော့်အမွေအနှစ်တွေကိုပါ ဆက်ခံစေဖို့ ဆုံးဖြတ်ခဲ့တာပါပဲ ခင်ဗျား''

ဦးလင်းအောင်၏ စကားများကို အားလုံးကငြိမ်သက်စွာ နားထောင် ရင်း ဦးလင်းအောင်၏ စိတ်ထားမြင့်မြတ်ရက်ရောမှုကို အသိအမှတ် ပြုနေမိ ကြသည်။

''ကျွန်တော် ပြောချင်တာကတော့ ဒါလောက်ပါပဲခင်ဗျား။ ရှေ့ဆက် ပြီး ကျွန်တော့်သား အနုပညာနယ်မှာ လျှမ်းလျှမ်းတောက် အောင်မြင်အောင် ဘယ်လိုပံ့ပိုးပေးမယ်ဆိုတာတော့ လူကြီးမင်းများ စောင့်ကြည့်ကြစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်''

ဦးလင်းအောင်က စကားကို နိဂုံးချုပ်လိုက်သည်။

သင့်တင့်အောင်၏ ဖခင်ရင်းဖြစ်သူ ဦးမြတ်သွယ်သည် မျက်ရည် ဝေသောမျက်လုံးများဖြင့် ငိုသံစွက်သောအသံ တုန်တုန်ဖြင့် ဝင်ပြောလိုက် သည်။

''ကျွန်တော်လည်း ကျွန်တော်သားအတွက် ဝမ်းလည်းသာ၊ ဂုဏ် လည်း ယူမိပါတယ်ဗျာ။ ကျွန်တော်တို့က နယ်မှာနေတဲ့သူတွေ၊ ကျွန်တော်ဆို လည်း အစိုးရဝန်ထမ်းဆိုတော့ သားလေးရဲ့အနုပညာအတွက် ဘာမှ အထောက်အကူ မပေးနိုင်ပါဘူး။ ခုလို ဆရာကြီး ဆရာတာရာလင်းက ကျွန်တော့်သားကို သားအရင်း တစ်ယောက်လို မြေတောင်မြှောက် ပျိုးထောင် ပေးမယ်ဆိုတော့ ကျွန်တော် ...ကျွန်တော် ဘယ်လိုဝမ်းသာမှန်း မသိဘူး။ ဆရာကြီးကိုလည်း

ကျေးဇူးတင်ပါတယ်''

ဦးမြတ်သွယ်၏ အသံသည် တုန်ယင်ကာ တိုးဝင်ပျောက်ကွယ်သွား လေသည်။

ဦးဘသက်က တိတ်ဆိတ်သွားသည့် စကားဝိုင်းကို ရွှင်ပျသွက်လက်သော အပြောဖြင့် ပြန်လည်စိုပြေစေလိုက်သည်။

''ကဲ ...မင်္ဂလာရှိတဲ့ညချမ်းမှာ မင်္ဂလာရှိတဲ့အခမ်းအနားအတွက် ဆရာတာရာလင်းနဲ့ မောင်သင့်တင့်အောင်တို့ သားအဖ အနုပညာနယ်မှာ အောင်မြင်မှု သရဖူဆောင်းဖို့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းပြီး ဆုမွန် ကောင်းတောင်းကြစို့ဗျား''

ဦးဘသက်က သူ့ရှေ့ရှိဝီစကီဖန်ခွက်ကို ကောက်ကိုင်၍ မြှောက်ရင်း ပြောလိုက်သည်။

လူအားလုံး ကိုယ့်ရှေ့ရှိဖန်ခွက်အသီးသီးကို ကောက်ကိုင် မြှောက် ကာ ဖန်ခွက်အချင်းချင်း ထိခတ်စေလိုက်ပြီး နှုတ်မှ သံပြိုင်ရွတ်ဆိုလိုက်လေ သည်။

''ချီးယားစ်''

*

တီဗီဖန်သားပြင်မှ မြင်ကွင်းများက ဖျတ်ခနဲ ပျောက်သွားသည်။

သူက သူ့လက်ထဲရှိ အဝေးထိန်းကိရိယာဖြင့် ရုပ်မြင်သံကြားစက်ကို လှမ်း၍ ပိတ်လိုက်ခြင်းဖြစ်သည်။

''ဘာလဲ ...ဘာအောင်မြင်မှု သရဖူလဲ။ ဘယ်သူ့အတွက် အောင်မြင်မှုလဲ။ သွား ...သွားစမ်း''

သူသည် လက်ထဲမှ ရီမုကွန်ထရိုးကို တီဗီရှိရာသို့ ပစ်ပေါက်လိုက် သည်။ အဝေးထိန်း ကိရိယာလေးသည် တီဗီမှန်သားပြင်ကို ထိခတ်ကာ အဝေးသို့ လွင့်စင်သွားလေသည်။

သူသည် ဦးလင်းအောင်က သင့်တင့်အောင်ကို မွေးစား စာချုပ်ချုပ် ဆိုသည့်ညက ရိုက်ထားသော ဗီဒီယိုခွေကို ပြန်ကြည့်ပြီး ဒေါသပေါက်ကွဲ နေခြင်း ဖြစ်ပါသည်။

သူသည် သုံးနှစ်တာကာလအတွင်း ဒီဗီယိုခွေကို အကြိမ်ကြိမ် အခါခါ ပြန်ကြည့်မိသည်။ ကြည့်တိုင်းလည်း ဒေါသထွက်ရသည်။ မကြည့်ဘဲ လည်း မနေနိုင်ပါချေ။

မကြည့်ဘဲမနေနိုင်ရသည့်အကြောင်းမှာ သူ့ကိုယ်သူ သင့်တင့် အောင် အဖြစ်နှင့် သင့်တင့်အောင် ခန္ဓာကိုယ်ထဲတွင် သူ့ဝိညာဉ်ကို တွဲလျက် မြင်ရခြင်းမှာ ဤအခမ်းအနားတွင် နောက်ဆုံးအကြိမ် ဖြစ်သောကြောင့်ပင် တည်း။ ယခု ဒေါသပေါက်ကွဲနေသော သူ သည် ...

ခန္ဓာကိုယ်အားဖြင့် အိုမင်းနေပြီး အသက်အားဖြင့် ငါးဆယ်ကျော် အရွယ်ရှိသော လူတစ်ယောက် ဖြစ်ပါသည်။ ထိုသက်ကြီးရွယ်အိုခန္ဓာကိုယ်ဖြင့် သူက အခန်းနံရံရှိ ကိုယ်လုံးပေါ် မှန်ကြီး ရှေ့သို့သွားရောက်ကာ မှန်ထဲမှာ ပေါ်လာသည့် သူ့ပုံရိပ်ကို ကြည့်လိုက် သည်။

မှန်ထဲမှ အဘိုးအိုတစ်ဦးက သူ့ကို ပြန်ကြည့်နေလေ၏ ။

''မဟုတ်ဘူး ...အဲဒါ ငါ မဟုတ်ဘူး။‘ ဒါလူယုတ်မာကြီး လုပ် ကြံထားတဲ့ အပုပ်ကောင်ကြီး ...ဖုတ်ကောင်ကြီး။ ငါက နုပျိုသန်စွမ်းတဲ့ လူငယ်လေး။ ငါဟာ သင့်တင့်အောင်။ ငါ့ရဲ့ဝိညာဉ်ကို ခွာပြီး ငါ့ခန္ဓာကိုယ်ကို ယူသွားတဲ့ အယုတ်တမာကောင်ကြီး မြန်မြန်သေပါစေဗျာ။ ဒေါက်တာ ပက် ထရစ်ကနောင် ဆိုတဲ့မှော်ရူးကြီး မြန်မြန်သေပါစေ။ အီး ...ဟီး ...ဟီး''

သူက သူရူးတစ်ယောက်သဖွယ် အော်ဟစ်ကြိမ်းဝါးရင်း ယူကျုံး မရစွာ ဟစ်ငိုလိုက်သည်။ သူ့ပေါက်ကွဲကြိမ်းမောင်းသံက မြေအောက်ခန်း တစ်ခုလုံးကို လွှမ်းမိုးကာ ပဲ့တင်ထပ်မြည်ဟည်းသွားလေသည်။

ငါးနှစ်ကြာမျှ မြေအောက်ခန်းတွင် ပိတ်လှောင်ခံထားရသောသ ူ သည် ရူးသွပ်လုနီးပါးစိတ်နှလုံးနောက်ကျုရှုပ်ထွေးကာ ဒေါသနှင့် နာကြည်းမှု ရောထွေးရင်း အတန်ကြာမျှ ရှိုက်ငိုနေမိ၏ ။

တကယ်တော့ သူသည် ဤသို့ပင် သူ့ဘဝသူသတိရတမ်းတမိတိုင်း ငိုခဲ့ရသည့် အကြိမ်ပေါင်း မရေတွက်နိုင်တော့ပါ။

သူသည် အမှန်တကယ်ပင် သွက်သွက်ခါ ရူးသွပ်သွားလိုက်ချင်ပါ သည်။ ရူးနေတာကမှ သူ့ရဲ့ခံစားမှုကို သက်သာရာရစေပါဦးမည်။

ခုတော့ အမှန်တရားကို ရင်ဆိုင်နိုင်စွမ်းမရှိတော့သည့် မျှော်လင့် ချက်မဲ့ ဘဝကြီးထဲတွင် ပျင်းရိခြောက်သွေ့စွာ ရှင်သန်နေရခြင်းက သူ့စိတ်ကို မခံချိမခံသာ ဖြစ်စေသည်။

သူသည် သင့်တင့်အောင်အဖြစ်နှင့် လုပ၍ ပျော်မွေ့ဖွယ်ကောင်းသော ဘဝကိုလည်းကောင်း၊ သူ့ဘဝထဲသို့ တက္ကသိုလ်တာရာလင်းဟု အမည်ခံထား သည့်မိစ္ဆာဆိုးတစ်ကောင် ဝင်ရောက်လာခဲ့ပုံများကိုလည်းကောင်း တစ်ခုချင်း ပြန်လည်သတိရလာလေသည်။

သူ့ကိုယ်ပေါ်တွင် ဆင်ယင်ထားသောဝတ်စုံမှာ ပြင်သစ်ကုမ္ပဏီ တစ်ခုမှ ထုတ်လုပ်လိုက်သော ညနေခင်းဝတ်စုံ ဖြစ်သည်။ အနက်ရောင်ဝတ်စုံ သည် သင့်တင့်အောင်၏ ရင်အုပ်ကျယ်၍ ရုပ်ဟိုက်သော ဗိုက်သားပြင်၊ ရှည်သွယ်သော ပေါင်တံရှိသည့် မြင့်မားသောခန္ဓာကိုယ်နှင့် အတိအကျ လိုက်ဖက်ညီထွေရှိနေပါ၏ ။

သင့်တင့်အောင်က အကြိမ်ကြိမ် အထပ်ထပ်လေ့ကျင့်ထားပြီး ဖြစ် သော မော်ဒယ်ဘွိုင်းလမ်းလျှောက်ဟန်ဖြင့် စင်မြင့်၏ နောက်ဘက်ထောင့်မှ ရှေ့ဘက်ရှိ

တခြားတစ်ဖက်ထောင့်သို့ ကန့်လန့်ဖြတ် လှပစွာ လျှောက်လာခဲ့ သည်။

ဟိုတယ်သီးသန့်ခန်းမတစ်ခုလုံး မီးများမှိန်သွားပြီး လွင်၍ တောက်ပသောဆလိုက်မီးတစ်ခုကသာ စင်ပေါ်ရှိသင့်တင့်အောင် လျှောက်လှမ်းသွားရာ နောက်သို့ လိုက်၍ ထိုးပြနေသည်။

အစီအစဉ်ကြေညာသူအမျိုးသမီးအသံဖြင့် ပြင်သစ်ဖြစ်ညနေခင်းဝတ်စုံအကြောင်း ရှင်းလင်းချက်က ဆောင်းဘောက်စ်များမှတစ်ဆင့် ထွက်ပေါ်လာသည်။

ရှင်းလင်းချက်စကားသံအဆုံး သင့်တင့်အောင်၏ ကိုယ်ဟန်ပြမှုက အချိန်ကိုက် ရပ်အသွား ခန်းမတစ်ခုလုံး မီးများ ပြန်လင်းလာသည်။

လက်ခုပ်သံများလည်း တဖြောင်းဖြောင်း ထွက်ပေါ်လာပါ၏ ။

ပရိသတ်ကို ဦးညွတ်နှုတ်ဆက်ကာ စင်ပေါ်မှ သင့်တင့်အောင် လှပစွာ ဆင်းသက်လာခဲ့သည်။

နောက်ဘက်ရှိ အဝတ်လဲခန်းသို့ လှမ်းအသွား -

''မောင်သင့်''

တိုးညင်းစွာ လှမ်းခေါ်လိုက်သော နည်းပြဆရာ၏ အသံကြောင့် သင့်တင့်အောင် လှည့်ကြည့်လိုက်ရာ - သူ့မော်ဒယ်နည်းပြဆရာကျော်နီသွင်က စားပွဲတစ်လုံးတွင်ထိုင်ရင်း လက်ယပ်လှမ်းခေါ်နေသည်။

ကျော်နီသွင်နှင့်တစ်ဝိုင်းတည်းတွင် ခံ့ညားသော လူကြီးတစ်ဦး ထိုင်နေလျက် သူ့ကို စိတ်ဝင်တစား လှမ်းကြည့်နေသည်ကို တွေ့လိုက်ရပါ၏ ။

သင့်တင့်အောင်က သူတို့စားပွဲဆီသို့ လျှောက်သွားလိုက်သည်။

''ထိုင် ...မောင်သင့် ...မင်းကို မိတ်ဆက်ပေးမလို့''

မိတ်ဆက်ပေးမည်ဆို၍ မထိုင်သေးဘဲ ပုဂ္ဂိုလ်ကြီးကို ပြုံးပြလိုက် သည်။ သင့်တင့်အောင်၏ နှုတ်ခမ်းညာဘက်မှာ သွားတက်ကလေး ပေါ်သွား သည်။ ဤသွားတက်ကလေးသည် သင့်တင့်အောင်အား ပို၍ စွဲမက်ဖွယ် ကောင်းစေရန် ဖန်တီးပေးထားသည့် မွေးရာပါအလှတစ်ပါး ဖြစ်ပါ၏ ။

''အိုး ...ဂျော်နီ၊ မောင်ရင့်တပည့်က အနီးကပ်ကြည့်မှ ပိုပြီး လှနေပါလားကွယ်။ Venus Andsome ''

ပုဂ္ဂိုလ်ကြီး၏ ချီးကျူးစကားကြောင့် သင့်တင့်အောင်က ကိုယ်ကို ညွတ်ရင်း ...

''ကျေးဇူးတင်ပါတယ် ...အန်ကယ်ခင်ဗျား''

ဟု ပြောလိုက်သည်။ ဒါလည်း လေ့ကျင့်ပုံသွင်းထားသည့် အမူအရာ တစ်ခု ဖြစ်ပါ၏ ။

ဂျော်နီသွင်က သူ့မော်ဒယ်အဂျေင်စီမှ တပည့်ဖြစ်သူ သင့်တင့် အောင်၏ ရည်မွန်နှစ်လိုဖွယ်ကောင်းသော အမူအရာများကိုကြည့်၍ ဂုဏ်ယူ သောအပြုံးကို ပြုံးလိုက်သည်။

''မောင်သင့်ရေ ...ဒီအန်ကယ်က ဦးလင်းအောင်တဲ့။ အန်ကယ် က စာရေးဆရာတစ်ယောက်ပဲ။ စာရေးဆရာတက္ကသိုလ် တာရာလင်းဆိုတာ အန်ကယ်ပဲ''

''ဩော်''

သင့်တင့်အောင်က နာမည်ကြီးစာရေးဆရာဆိုသော အသိကြောင့် အထင်ကြီးလေးစားသွားသည်။

''အန်ကယ်က နာမည်ကြီးပဲ။ အန်ကယ့်ဝတ္ထုတွေ ကျွန်တော် ဖတ် ဖူးပါတယ် ခင်ဗျား''

အမှန်က တက္ကသိုလ်တာရာလင်း၏ ဝတ္ထုများကို သင့်တင့်အောင် မဖတ်ဖူးပါ။ တက္ကသိုလ်တာရာလင်း ကျော်ကြားစဉ်ကာလက သင့်တင့်အောင် အရွယ်မရောက်သေးပေ။ တာရာလင်း၏ အမည်ကို ကြားရုံသာကြားဖူးသည်။

တက္ကသိုလ်တာရာလင်း၏ ဝတ္ထု အသစ်များ မထွက်တော့သည်မှာပင် ဆယ်နှစ် ကျော်ကြာ မြင့်ခဲ့ပြီ။ ဝတ္ထုအဟောင်းများသာ ဒုတိယ အကြိမ်ရိုက်၊ တတိယ အကြိမ် ရိုက်အဖြစ် တစ်နှစ် တစ်အုပ် နှစ်အုပ်လောက် ထွက်ဖြစ်တော့သည်။ သင့်တင့်အောင်က လူမှုရေးအရ ပဋိသန္ဓာရစကားဆိုလိုက်ခြင်းသာ ဖြစ်ပါ၏ ။

ဦးလင်းအောင်ကလည်း ဝါရင့်အတွေ့အကြုံများသူ စာရေးဆရာ တစ်ဦးပီပီ သင့်တင့်အောင် အတည်ပေါက်လိုမ့်လိုက်သည်ကို ရိပ်မိသိရှိပုံရပါ သည်။ အပေါ်ယံဟန်ဆောင်လောက ပတ်ဝန်းကျင်မှာ ဒီလိုပဲ ကြုံနေကျမို့ ဦးလင်းအောင်ကပြုံးပဲ နေလိုက်သည်။

''မောင်သင့်က ကျွန်တော့်တပည့်ထဲမှာတော့ အလားအလာ အရှိ ဆုံးပါပဲ အန်ကယ်'' ဦးလင်းအောင်က ခေါင်းညိတ်ထောက်ခံ၏ ။

ဦးလင်းအောင်က စတင်၍ သင့်တင့်အောင်ကို လက်ကမ်းပေးလိုက် သည်။

သင့်တင့်အောင်နှင့်ဦးလင်းအောင်တို့ လက်ချင်းဆွဲ၍ နွေးထွေးစွာ နှုတ်ဆက်လိုက်၏ ။

''ထိုင် ...မောင်သင့်၊ အန်ကယ်ဦးလင်းအောင်က မင်းနဲ့ အလုပ် တွဲလုပ်ချင်တဲ့ ဆန္ဒ ရှိတယ်''

ဂျော်နီသွင်၏ စကားကြောင့် သင့်တင့်အောင်၏ ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။ အနုပညာနယ်မှာ အောင်မြင်ရန် ငွေကြေးရော၊ အသိုင်းအဝိုင်း ပါ ချို့တဲ့ရှာသည့်သူ့အဖို့ မြေတောင်မြှောက်ပေးမည့် ငွေရှင်လုပ်ငန်းရှင်အား မျှော်လင့်မိသည်ကို ဝန်ခံရပေမည်။

''ဟုတ်ကဲ့ အန်ကယ်''

သင့်တင့်အောင်က ရိုကျိုးစွာပြောလိုက်ပြီး လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

''အန်ကယ်က မောင်သင့်တင့်အောင်ပါတဲ့ မော်ဒယ်ရှိုးသုံးလေးပွဲလောက် ကြည့်ဖူးပါတယ်'' ''ဟုတ်ကဲ့ အန်ကယ်''

''နှလုံးခုန်သံများ စီးရီးကြော်ငြာနဲ့ တီသုံးလုံး ကိတ်မုန့်ကြော်ငြာတွေမှာလည်း မောင်သင့်တင့်အောင်ကို သတိပြုမိခဲ့ပါတယ်''

''ဟာ ...အန်ကယ်။ အဲဒီ တီဗီကြော်ငြာနှစ်ခုစလုံးမှာ ကျွန်တော် က အရံအနေနဲ့ စက္ကန့်ပိုင်းလေး ဖျတ်ခနဲပါတာပါ။ အန်ကယ်က သတိထားမိ သားပဲ''

''ဟုတ်တယ်ကွယ့်၊ သတိထားမိဆို မောင်သင့်တင့်အောင်ရဲ့ ရုပ်လက္ခဏာပုံပန်းသဏ္ဌာန်ဟာ အန်ကယ့်စိတ်ကူးထဲက သူရဲကောင်းနဲ့ တူနေ တာကိုး''

''ဗျာ''

''အန်ကယ် စိတ်ကူးပုံဖော်ထားတဲ့ ဇာတ်ကောင်မင်းသ ားဟာ မောင်သင့်တင့်အောင်နဲ့ လိုက်လျောညီထွေ အရှိဆုံးပါပဲကွယ်''

''ကျွန်တော် နားမလည်သေးဘူး အန်ကယ်။ ကျွန်တော့်ကို ကိုကျော်နီခေါ်သလို မောင်သင့်လို့ပဲ ခေါ်နိုင်ပါတယ်။ နာမည်အပြည့်အစုံ ရွတ်ရတာပင်ပန်းပါတယ်''

ဦးလင်းအောင်က ပြုံးလိုက်သည်။

''အန်ကယ်ဟာ စာရေးဆရာတစ်ယောက်ဆိုတာ မောင်ရင့်ကို ပြောထားပြီးပြီနော်''

''ဟုတ်ကဲ့''

''အန်ကယ် ကျော်ကြားခဲ့တာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက် ကပါ။ အန်ကယ်တို့ ခေတ်က စာရေးဆရာတွေဟာ ပင်တိုင်ဇာတ်ကောင်ထား ပြီး ရေးဖွဲ့လေ့ရှိကြတယ်ကွယ့်''

''ဟုတ်ကဲ့''

''ဆရာကြီးရွှေဥဒေါင်းက စုံထောက်မောင်စံရှားကို ပင်တိုင်ထား သလို၊ ဆရာကြီးဒဂုန်ရွှေမျှားက စုံထောက်ဦးထင်ကျော်လို့ ရေးခဲ့တယ်။ ဒါ လည်း နိုင်ငံခြားစာပေတွေကတစ်ဆင့် မြစ်ဖျားခံလာတာပေ့ါလေ။ အန်ကယ်တို့ ခေတ်အထိ ပင်တိုင်ဇာတ်ကောင်ထားပြီး ရေးဖွဲ့ ကြတဲ့ ဝတ္ထုတွေ ခေတ်စားခဲ့ တယ်ကွယ့်''

ဆရာတက္ကသိုလ်တာရာလင်း၏ ပင်တိုင်ဇာတ်ကောင်ကို စာဖတ်လေ့ မရှိသော သင့်တင့်အောင် မသိပါပေ။

ခပ်စောစောက ဦးလင်းအောင်၏ ဝတ္ထုများကို ဖတ်ဖူးပါသည်ဟု ဖြီးထားမိသဖြင့် သင့်တင့်အောင် မျက်နှာပူ မိသေးသည်။

''တက္ကသိုလ်တင်မြင့်က မိန်းမဇာတ်ကောင် လေးလေးမြင့်ကို ပင် တိုင် ရေးခဲ့သလိုပေ့ါကွယ်။ ဆွေလှိုင်ဦးကလည်း သူ့မင်းသား ကိုဘခက်လို့ ပင်တိုင်ထားခဲ့တယ်''

''ကျွန်တော် သဘောပေါက်ပါတယ် အန်ကယ်။ ဆားပုလင်းနှင်း မောင်တို့၊ ဆားပုလင်းမင်းအောင်တို့လိုပေ့ါနော်''

သင့်တင့်အောင်က လောလောဆယ်ထွက်နေသည့် သူသိသော ဝတ္ထုများကို ကိုးကား၍ ပြောလိုက်သည်။

''ဟုတ်ပါတယ်။ ဒါပေမဲ့ အဲဒီ စုံထောက်ဇာတ်ကောင်တွေက ပုံသေ စရိုက်တွေပဲ။ ဘယ်ဇာတ်လမ်းမှာ ဖြစ်ဖြစ် စုံထောက်ပဲ။ ဒီလိုအတွေးအခေါ်၊ ဒီလိုအကျင့်စရိုက်၊ ဝတ်စားဆင်ယင်ပုံက အစအတူတူပဲ''

''တက္ကသိုလ်တင်မြင့်တို့ ...ဆွေလှိုင်ဦးတို့ကတော့ စရိုက်ကို အရှင်ထားတယ်။ လေးလေးမြင့်ဟာ ဒီဇာတ်လမ်းထဲမှာ ကျောင်းဆရာမ ဖြစ်နေပေမဲ့ တခြားဇာတ်လမ်းတွေမှာ တက္ကသိုလ်ကျောင်းသူ၊ လေယာဉ် မယ်၊ ဆရာဝန်မ စသဖြင့် ဇာတ်လမ်းအရ စရိုက်ပြောင်းပြီး လှုပ်ရှားတယ်။ ဆွေလှိုင်ဦးကလည်း ဘခက်ကို ဓားဘခက်၊ စက်ဘခက်၊ စန္ဒရားဘခက် စသဖြင့် ဇာတ်လမ်းအရ စရိုက်အမျိုးမျိုး ပြောင်းပြီး ရေးခဲ့တာပဲ''

''ဟုတ်ကဲ့''

ဆရာတာရာလင်း၏ စကားများကို သင့်တင့်အောင်သာမက ဂျော်နီသွင်ကပါ စိတ်ဝင်တစားနားထောင်နေခဲ့သည်။ ဦးလင်းအောင် ဘာရည်ရွယ် ချက်နှင့် ဒီလောက် နိဒါန်းပျိုးနေပါလိမ့်ဟု သူတို့နှစ်ယောက်လုံး စိတ်ဝင်စား နေကြ၏။

စင်မြင့်ပေါ်မှ ဝတ်စားဆင်ယင်မှုပြပွဲမှာ မပြီးဆုံးသေးပေ။ စင်မြင့်ဆီ မှ ရောင်စုံဆလိုက်မီးများက တစ်ချက်တစ်ချက် သူတို့စားပွဲဆီ ဝေ့ကျလာ၏။ လက်ခုပ်သံများကလည်း မစဲအောင် ထွက်ပေါ်ဆဲ။

သင့်တင့်အောင်နှင့် ဂျော်နီသွင်ကတော့ ဦးလင်းအောင် စကားများ ထဲတွင်စိတ်ဝင်စားကာ ခန်းမထဲမှ ဖျော်ဖြေပွဲကို အာရုံမထားမိတော့ပေ။

''အန်ကယ့်ရဲ့ ပင်တိုင်မင်းသားဟာလည်း စရိုက်ရှင်ပဲ''

''အန်ကယ့်ရဲ့မင်းသားက''

'' အာကာဘို တဲ့''

'' အာကာဘို''

သင့်တင့်အောင်က ပဲ့တင်ထပ်ရွတ်ကြည့်လိုက်မိသည်။

''အာကာဘိုဟာ အမြဲတမ်းအားနည်းသူဘက်က ရပ်တည်တယ်။ အာကာဘိုဟာ စွန့်စားရဲတယ်၊ စွန့်လွှတ်ရဲတယ်။

အချစ်မှာလည်း သစ္စာတရား ကြီးမားတယ်။ ယောကျ်ားပီသပြီး ရုပ်ရည်ချောမောတယ်။ လှုပ်ရှားမှုမှာလည်း သွက်လက်ဖျတ်လတ်တယ်။ ကိုယ်ခံပညာမျိုးစုံ တတ်ကျွမ်းတယ်။ အမှန်တရား အတွက် စွန့်လွှတ်စွန့်စားတဲ့ဇာတ်လမ်းတွေမှာ အာကာဘိုဟာ ပါဝင်အသုံးတော် ခံလေ့ရှိတယ်ကွယ့်''

''ဪ''

''အန်ကယ့်ဝတ္ထုတွေ အောင်မြင်ခဲ့ပါတယ်။ တချို့ဆို ဒုတိယအကြိမ်၊ တတိယအကြိမ် ပြန်ထုတ်နေရဆဲပါ။ အဲ ...ဝတ္ထုအောင်မြင်ကျော်ကြားတာ နဲ့ အားလျော်စွာ ရုပ်ရှင်အဖြစ်အသွင်ပြောင်းခဲ့ရတာ တွေလည်း ရှိပါတယ်''

ဦးလင်းအောင်က သူ့ဝတ္ထုများကို ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကား နှစ်ကားအမည်ကို ရွတ်ပြလိုက်သည်။

''မအောင်မြင်ခဲ့ပါဘူးကွယ်''

နှုတ်ခမ်းကိုမဲ့ရင်း ခေါင်းယမ်းကာပြော၏ ။

''မအောင်မြင်တာဟာလည်း မဆန်းဘူးလေ။ အန်ကယ်က ဇာတ် လမ်းကို ဂျိမ်းစ်ဘွန်း ဆန်ဆန်သွက်သွက်လက်လက် လှုပ်လှုပ်ရှားရှား ရေးထား တာ။ အန်ကယ့်ဝတ္ထုထဲမှာ ဟေဝှင်ထဲမှာ လှုပ်ရှားတဲ့အခန်းတွေ၊ ရေအောင် တိုက်ပွဲတွေ၊ တောတွင်းစွန့်စားခန်းတွေ၊ မင်းသားနဲ့လူဆိုး တိုက်ခိုက်ရာမှာ မင်းသားရဲ့ကိုယ်ခံပညာပြကွက်တွေ စိတ်ကူးဆန်းသလောက် ထည့်ရေးထား တာကလား။ ရုပ်ရှင်က ဘယ်မီအောင် ရိုက်နိုင်ပါ့မလဲကွယ်။ အဲဒီ ခေတ်က အဖြူအမည်းရုပ်ရှင်ခေတ်ဆိုတော့ ပိုဆိုးတာပေါ့။ စက်မှုပိုင်းအရလည်း အား နည်းခဲ့တယ်။ ပြီးတော့ မင်းသား''

ဦးလင်းအောင်က သူ့ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသားအမည်ကို ပြောပြသည်။

''စောစောက အန်ကယ်ပြောပြတဲ့ အာကာဘိုရဲ့စရိုက်နဲ့ အဲဒီ မင်းသားပုံစံကို စိတ်ကူးထဲမှာ ယှဉ်ကြည့်ပေတော့။ ရယ်စရာကြီး ဖြစ်မနေဘူး လားကွယ်။ မင်းသားက အဲဒီ အချိန်ကတည်းက အသက် ၃၀ ကျော်နေပြီ။ လူက သေးသေးညှက်ညှက်။ ထုတ်လုပ်တဲ့သူကလည်း ဈေးကွက်ဝင် နာမည် ကျော်မင်းသားကို ရွေးရတာ ကိုး။ မြန်မာရုပ်ရှင်လောကမှာ အားနည်းချက်က ဒါပဲ။ ဇာတ်ကောင် စရိုက်နဲ့ လိုက်မယ့်လူကို ရွေးခွင့်မရှိဘူး။ အခုခေတ်ထိ ဒီလိုပါပဲ။ အဲဒီ မှာ အန်ကယ့်ဇာတ်လမ်းလည်း ပျက်တော့တာပဲ။ အာကာဘို စရိုက်လည်း မပေါ်တော့ဘူး''

ဦးလင်းအောင်က ပြောရင်း နာကြည်းဟန်၊ စိတ်ပျက်ဟန် ပေါ်လာ သည်။

''ရုပ်ရှင်မရိုက်ရတာ ကမှ တော်သေးရဲ့ကွယ်။ ရိုက်မှစိတ်ပျက်ရတော့ တာပဲ။ အန်ကယ်ဟာ အဲဒီ အချိန်ကတည်းက တစ်နေ့ အန်ကယ့်ဝတ္ထုတွေကို အဆင့်မီရုပ်ရှင်ဇာတ်ကားတွေအဖြစ် ထုတ်လုပ်ဖို့ စိတ်ကူးခဲ့ပါတယ်။ ခုတော့ စက်မှုပိုင်းအရရော၊ အတတ်ပညာပိုင်းအရပါ ရုပ်ရှင်ဘက်မှာ အထိုက် အလျောက် တိုးတက်လာပါပြီ။ စာရေးအားနည်းသွားတဲ့အချိန်မှာ ရုပ်ရှင်လုပ် ငန်းဘက်လှည့်ဖို့ ရုပ်ရှင်လုပ်ငန်းကို လေ့လာနေတာပဲ။ ငွေ ကိုလိုသလို သုံး နိုင်တဲ့အင်အား အန်ကယ့်မှာ ရှိပါတယ်။ ခက်နေတာက အာကာဘိုအဖြစ် သရုပ်ဆောင်ပေးမယ့် မင်းသားပဲ''

ဦးလင်းအောင်. ဆိုလိုရင်းကို သဘောပေါက်သလို ရှိလာသည်။

သင့်တင့်အောင် ရင်တွေ တဒိတ်ဒိတ် ခုန်လာ၏ ။

''မောင်သင့်ကိုမြင်ရတော့ အာကာဘိုနဲ့အတူဆုံး လူတစ်ယောက် အဖြစ် ခံစားမိတယ်''

''အန် ...အန်ကယ်''

သင့်တင့်အောင်သည် တစ်ခုခုကို ပြောချင်ပေမယ့် ဘာပြောရမှန်း မသိ။ စိတ်လှုပ်ရှားမှုဖြင့် နှုတ်ဆွံ့နေသည်။

ဂျော်နီသွင်က အားရဝမ်းသာလေသံဖြင့် ဝင်မေးလိုက်သည်။

''အန်ကယ်က အန်ကယ်ထုတ်လုပ်မယ့်ဇာတ်ကားတွေမှာ မောင် သင့်ကို မင်းသားတင်မယ်လို့ ဆိုလိုတာလားဟင်''

လူငယ်နှစ်ဦး၏ စိတ်လှုပ်ရှားမှုကို နားလည်သောအပြုံးဖြင့် ဦးလင်း အောင်က ပြုံးပြလိုက်သည်။

''အာကာဘိုဇာတ်ကောင်ကို မင်းသားတစ်ယောက်တည်းက ပင်တိုင် သရုပ်ဆောင်စေချင်တယ်။ ဂျိမ်းစ်ဘွန်းအဖြစ် ပထမပိုင်းမှာ ရှောင်ကွန်နရီက ချည်း သရုပ်ဆောင်ခဲ့သလိုပေါ့။ အန်ကယ် ဖန်တီးထားတဲ့ အာကာဘိုစရိုက်ဟာ မောင်သင့်နဲ့ အလိုက်ဖက်ဆုံးပါပဲ''

''ဒါ ...ဒါဖြင့် အန်ကယ်က မောင်သင့်ကို မင်းသား တင်မယ်ပေါ့ နော်''

''ယတိပြတ်တော့ အန်ကယ် မပြောပါရစေနဲ့ဦး။ လက်ရှိ အခြေ အနေမှာတော့ မောင်သင့်ဟာ အန်ကယ် မျက်စိအတွေ့ဆုံးလူပါ။ လုပ်ငန်းက ငွေသိန်းသန်းကုဋေ ချီပြီး ရင်းနှီးရမှာ။ ပြီးတော့ တစ်နိုင်ငံလုံးကို တင်ပြရမယ့် အလုပ်။ အောင်မြင်ရင် ကမ္ဘာ့ဈေးကွက်ထိ ဝင်ဆံ့ဖို့ အန်ကယ်က မှန်းထား တာ။ မောင်သင့်ကို အန်ကယ် အနီးကပ်လေ့လာချင်ပါသေးတယ်''

''ဟာ ...လေ့လာပါ အန်ကယ်။ မောင်သင့်ကို အန်ကယ် သဘောကျမှာပါ။ ကျွန်တော့်အေဂျင်စီမှာ မောင်သင့်က နံပါတ်ဝမ်း မော်ဒယ် ဘွိုင်းပါ အန်ကယ်။ သူက ဂျူဒို ကရာဓတေး ကိုယ်ခံပညာတွေလည်း တတ် ပြီးသား။ ရုပ်ရည်၊ အရပ်အမောင်းကတော့ အန်ကယ် မြင်တဲ့အ တိုင်းပဲ။ အန်ကယ် သဘောကျမှာပါလေ''

ကျော်နီသွင်က တပည့်အတွက် အားရဝမ်းသာစွာ စကားပို့ပေးရှာ သည်။ သင့်တင့်အောင်၏ အောင်မြင်မှုသည် သူ့မော်ဒယ်အဂျင်စီကိုလည်း ဂုဏ်တက်စေမည် မဟုတ်ပါလား။

သင့်တင့်အောင်ကိုယ်တိုင်မှာတော့ ဝမ်းသာမှုအဟုန်ဖြင့် တစ်ကိုယ် လုံး မူးမိုက်ပြာဝေသွားသလိုဖြစ်ကာ ပတ်ဝန်းကျင်ကိုပင် မမြင်နိုင်တော့ဘဲ အသည်းနှလုံးတွေ ဖြန်းဖြန်းခါတုန်လှုပ်ပြီး ဆောက်တည်ရာမရ စိတ်လှုပ်ရှား သွားမိလေပြီ။

ယင်းသည်ပင် ဦးလင်းအောင် ခေါ် စာရေးဆရာတက္ကသိုလ် တာရာ လင်းနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ရခြင်းဖြစ်ပြီး ထိုစဉ်ကတော့ ဦးလင်း အောင်သည် သူ့ဘဝကို ထွန်းတောက်အောင်မြင်စေရန် ကောင်းကင်မှ စေ လွှတ်လိုက်သော တမန်တော်တစ်ပါးဟုပင် ကျေးဇူးတင်ထင်မြင်ခဲ့ပါလေ၏ ။

*

# အခန်း (၂)

ဧည့်သည်ရောက်နေသည်ဆို၍ အဆောင်အောက်ထပ်သို့ ဆင်းလာခဲ့သော သင့်တင့်အောင်သည် မမျှော်လင့်ဘဲ ဦးလင်းအောင်ကို ပါလာထဲ၌ ထိုင်လျက်တွေ့လိုက်ရသည်တွင် အလွန်အမင်း အံ့အားသင့်သွားမိ၏။

''ဟာ ...အန်ကယ်''

စာဖတ်နေရာမှ ဆင်းလာခဲ့ခြင်းဖြစ်၍ ဖတ်လက်စ စာအုပ် က လက်ထဲမှာ ကိုင်လျက်ပါလာသည်။ သူဖတ်နေသည့် စာအုပ်မှာ လွန်ခဲ့သော ၁၅ နှစ်ခန့်က ထုတ်ဝေခဲ့သည့် တက္ကသိုလ်တာရာလင်း၏ လုံးချင်းဝတ္ထု တစ်ပုဒ်ဖြစ်ပါသည်။

မော်ဒယ်ရှိုးပွဲမှာ ဦးလင်းအောင်နှင့် ဆုံခဲ့ပြီးနောက်ပိုင်း တက္ကသိုလ်တာရာလင်း၏ ဝတ္ထုများကို တမင်ရှာဖတ်ကြည့်နေခြင်း ဖြစ်သည်။ သက်တမ်းရင့် စာအုပ်အငှားဆိုင်ကြီးတစ်ဆိုင်မှာ တက္ကသိုလ်တာရာလင်းဝတ္ထု များ စီးရီးလိုက်ရှိနေပါ၍ ငှားဖတ်ခဲ့ရာ သုံးအုပ်ဖတ်ပြီးပေပြီ။

ဦးလင်းအောင်က သင့်တင့်အောင်လက်ထဲတွင် သူ၏ နုစဉ်က လက်ရာကို တွေ့လိုက်၍ ကျေနပ်ပြုံးပြုံးလိုက်သည်။

''ကျွန်တော် အန်ကယ့်ဝတ္ထုတွေ ပြန်ရှာဖတ် ဖြစ်တယ် အန်ကယ်''

သင့်တင့်အောင်က ကုလားထိုင်တွင် ဝင်ထိုင်ရင်းမှ လက်ထဲက စာအုပ်ကို မြှောက်ပြကာ ပြောလိုက်သည်။

''ကောင်းတာပေ့ါကွယ် ...များများဖတ်ဖြစ်ရင် အာကာဘိုရဲ့ စရိုက်ကို မောင်သင့် စိတ်ဝင်စားကြည့်လို့ ရလာမှာပါ''

ဦးလင်းအောင်စကားက သင့်တင့်အောင်ကို တအားတက်သွားစေခဲ့သည်။ ရုပ်ရှင်ရိုက်ခဲ့လျှင် အာကာဘိုနေရာမှာ သရုပ်ဆောင်ဖို့ မျှော်လင့်ချက်

ပေးခဲ့သော ဦးလင်းအောင်စကားများကြောင့် သူကလည်း ဝတ္ထုပောင်းတွေ ပြန်ဖတ်၍ လေ့လာနေခြင်း ဖြစ်ပါသည်။

''ဘယ်က လှည့်လာသလဲ အန်ကယ်''

''ကြုံလို့ ဝင်လာတာ မဟုတ်ပါဘူး။ မောင်သင့်ဆီ တမင်လာခဲ့တာ ပါ''

''ဟာ ...အားနာစရာ အန်ကယ်ရာ။ ကျွန်တော့်ကို တွေ့ချင်ရင် ဖုန်းဆက်ခေါ်လိုက်ပေါ့။ ကျွန်တော် လာတွေ့မှာပါ''

''အန်ကယ်က မင်း နေပုံထိုင်ပုံကိုပါ သိချင်လို့ တမင်လာလိုက်တာ ပါ။ အဆောင်လေးက သပ်ရပ်သားပဲ''

ဦးလင်းအောင်က နှစ်ထပ်ယောကျ်ားလေးအဆောင်ကို မျက်လုံးဝေ့ ကြည့်ရင်းပြောသည်။

''အလုပ်အတူတူ လုပ်ကြမယ့်လူအချင်းချင်းဆိုတာ တစ်ယော က် အကြောင်း တစ်ယောက် မကွယ်မဝှက် သိထားဖို့ လိုတယ် မဟုတ်လားကွယ်''

''ဟုတ် ...ဟုတ်ကဲ့ ...အန်ကယ်က ကျွန်တော်နဲ့ အလုပ် လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီလားဟင်''

သင့်တင့်အောင်က မဝံ့မရဲ မေးလိုက်သည်။

ဦးလင်းအောင်က သင့်တင့်အောင် စိတ်လှုပ်ရှားသွားသော အမူ အရာကို ပြုံးကြည့်ရင်း ...

''အန်ကယ့်ဝတ္ထုတွေ မောင်သင့် ဖတ်နေတာတွေ့ရလို့ အခု ချက် ချင်းပဲ ဆုံးဖြတ်လိုက်တာပါကွယ်''

''ဟာ''

သင့်တင့်အောင်.တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသယောင်

ခံစားလိုက်ရသည်။

''ကဲ ...မောင်သင့်အကြောင်းတွေ အန်ကယ့်ကို ပြောပြပေတော့''

''ကျွန်တော့်အကြောင်း ဘာသိချင်တာလဲ အန်ကယ်''

''မောင်သင့်ရဲ့တစ်ဘဝလုံးပေါ့ကွယ်။ ပထမဆုံး မောင်သ င့် မွေး သက္ကရာဇ်၊ မွေးနေ့၊ မွေးလ ပြောပါဦး။ အနုပညာလုပ်ငန်းမှာ အောင်မြင်မှုရနိုင် မရနိုင် ဗေဒင်မေးရဦးမယ်ကွယ့်။ အဟန့်အတား အနှောင့်အယှက်ရှိရင် ယတြာချေသင့်ချေရတာ ပေါ့ကွာ။ မောင်သင့်တော့ အယုံအကြည်ရှိရဲ့လား မသိဘူး။ ဗေဒင်တို့ လက္ခဏာတို့ကိုလည်း လွှတ်ထားလို့ မဖြစ်ဖူးပေါ့ကွယ်''

''ကျွန်တော် ယုံပါတယ်အန်ကယ်''

သင့်တင့်အောင်က မွေးသက္ကရာဇ် အတိအကျကို ပြောလိုက်ရာ ဦးလင်းအောင်က မှတ်စုစာအုပ်တွင် ရေးမှတ်ထား၏ ။

''နာမည်ကရော ...နာမည်ရင်းပဲလား''

''ကျွန်တော့်နာမည်ရင်းက မောင်တင့်အောင် ပါ အန်ကယ်။ မော်ဒယ်သင်တန်းဆင်းတဲ့အထိ တင့်အောင်ပါပဲ။ မီဒီယာ နယ်ထဲဝင်ဖို့ နာမည် ရွေးတော့ ဟိုဟာ ကောင်းနိုး၊ ဒီဟာ ကောင်းနိုးနဲ့ အတည်မဖြစ်ခဲ့ပါဘူး။ ကိတ်မုန့်ကြော်ငြာမှာ ပါခွင့်ရမယ်ဆိုမှ ကျွန်တော့်ဆရာကို ဂျော်နီနဲ့ နာမည် ရွေးကြတာ ...

''ကျွန်တော်က အော်တိုရေးပေးရင် နာမည်ရှေ့မှာ သင့် ဆိုပြီး ထည့်လက်မှတ်ထိုးတတ်တယ်။ သင့်တင့်အောင် ပေါ့။ သင့်တင့်အောင်ဆိုတဲ့ သဘောနဲ့ပါ။ အဲဒါကို ကိုဂျော်နီက တွေ့သွားပြီး သင့်တင့်အောင်လို့ နာမည် ရွေးလိုက်တာပါ''

''ကောင်းလိုက်တဲ့ စိတ်ကူးကွယ်။ တင့်အောင်ဆိုတဲ့ နာမည်ရိုးရိုးကြီး

ကို နားဝင်လည်း ချိုအောင်၊ ရိုးရိုးလေးနဲ့လည်း ဆန်းအောင် မောင်ဂျော်နီက ရွေးတတ်ပါပေ့၏။ ဒီနာမည်မျိုးက အနုပညာနယ်မှာ မရှိသေးတော့ ဆန်း လည်း ဆန်းတယ်။ လှလည်း လှပါတယ် မောင်သင့်ရေ''

''ကျွန်တော့်ဘဝကတော့ ဘာမှမဆန်းပါဘူး အန်ကယ်။ ဆယ်တန်း အောင်တဲ့အထိ နယ်မှာပဲ နေခဲ့တယ်။ ရန်ကုန်စွန့်ပြီးထွက်လာတာ အနုပညာ နယ်မှာ ဝင်ဆံ့ချင်လို့ပါ။ ကျွန်တော်က တစ်ဦးတည်းသောသားပါ။ အမေက ကျွန်တော် ၇ တန်းနှစ်မှာ ဆုံးသွားတယ်။ အဖေက အစိုးရ ဝန်ထမ်းရုံးအုပ် ကြီးပါ။ နောက်အိမ်ထောင်မပြုခဲ့ပါဘူး။ ကျွန်တော့်ရန်ကုန်စရိတ်ကို ခုထိ ထောက်ပံ့နေရှာပါတယ်။ ခုချိန်ထိ အဖေ့ကို အားကိုးနေ ရတုန်းပါပဲ အန်ကယ် ရယ်။ အနုပညာဝါသနာပါလွန်းလို့သာ ရန်ကုန်စွန့်ထွက်လာရတယ်၊ ဝင်ငွေရ အောင် မရှာနိုင်သေးပါဘူး''

ဦးလင်းအောင်က ကရုဏာသက်စွာ ကြည့်လိုက်သည်။

''အန်ကယ်နဲ့ ဘဝချင်းတူလိုက်တာ။ အန်ကယ်လည်း နယ်ကပဲ။ စာရေးခါစက ချို့ချို့ငဲ့ငဲ့နေခဲ့ရတာ ။ ဒီလိုပေါ့ကွယ်။ အောင်မြင်ရမယ်ဆိုတဲ့ စိတ်ဓာတ်ခိုင်ခိုင်မာမာထားရင် တစ်နေ့ အောင်မြင်ရမှာပါ''

''ဟုတ်ကဲ့ ...ကျွန်တော်လည်း ယုံကြည်ပါတယ်''

ဦးလင်းအောင်က ယခုနေသည့် အဆောင်လခ ဘယ်လောက်ပေးရ တယ်။ တစ်လ ထမင်းစားရိတ် ဘယ်လောက်ကုန်သလဲက အစ အသေးစိတ် မေးမြန်းနေသည်။

''မောင်သင့်မှာ ရည်းစားရော ရှိသလား''

သင့်တင့်အောင်မျက်နှာမှာ ရှက်သွေးဖြန်းသွားသည်။

''ဟုတ်ကဲ့ ...ရှိပါတယ်''

''ဘယ်သူလဲကွယ့် ...ဘယ်ကလဲ''

သူ့ဘဝတစ်ခုလုံးကို အသေးစိတ်သိချင်နေသည့် ဦးလင်းအောင်ကို အံ့သြမိရသည်။ သူက ကိုယ့်ဘဝကို မြေတောင်မြှောက်ပေးမည့်သူဆိုတော့ လည်း ပြောပြရပေတော့သည်။

''အခု ကျွန်တော့်ချစ်သူက ကျွန်တော်နဲ့ မော်ဒယ် သင်တန်းအတူတူ တက်ရင်းတွေ့ကြတာပါ အန်ကယ်''

''အခုချစ်သူဆိုတော့ အရင်ချစ်သူရှိသေးတယ်ပေ့ါ''

သင့်တင့်အောင်က ရှက်အမ်းအမ်းဖြင့် ရယ်လိုက်သည်။ ချက်ချင်း မှာပင် မလှပခဲ့သော အတိတ်ကိုသတိရကာ မျက်နှာတည်သွား၏ ။

''အရင်ကောင်မလေးက ကျွန်တော်တို့ မြို့ကပါ။ ငယ်သူငယ်ချင်းထဲ ကပါပဲ။ ကျွန်တော် ရန်ကုန်ထွက်လာတဲ့အထိ ချစ်သူတွေပါ အန်ကယ်။ သူ့မိဘတွေက ကျွန်တော်မြို့မှာရှိကတည်းက ကျွန်တော်နဲ့ သဘောမတူကြဘူး။ ကျွန်တော့်ကို ကြီးပွားမယ့်ကောင် မဟုတ်ဘူးတဲ့။ သူတို့က ကုန်သည်တွေ၊ သိပ်ချမ်းသာကြတယ်လေ။ ကျွန်တော်က အရပ်ပွဲတွေမှာ စတိတ်ရှိုးဆိုလိုက်၊ တေးသရုပ်ဖော်ကလိုက်နဲ့ လုပ် နေတာကို သူ့မိဘတွေက ကြည့်မရဘူး။ အနုပညာကို သူတို့နားမလည်ကြဘူးလေ''

''ဪ''

''ကျွန်တော် ရန်ကုန်ရောက်နေတဲ့အချိန်မှာ ကျွန်တော့် ကောင် မလေးကို ယောကျ်ားပေးစားလိုက်ကြတယ် အန်ကယ်။ မန္တလေးက သူဌေး သားတစ်ယောက်နဲ့တဲ့။ အခုတော့ သူလည်း မြို့မှာ မရှိတော့ပါဘူး။ မန္တလေး ပါသွားပြီ ပြောတယ်။ ကျွန်တော်လည်း မြို့ကို မပြန်ဖြစ်တော့ဘူး အန်ကယ်။ ပြန်လည်း မပြန်ချင်တော့ဘူး''

''ဒီလိုပေါ့ကွယ် …နှလုံးသားဝေဒနာဆိုတာ အရွယ်ရောက်သူ တိုင်း တစ်နည်းမဟုတ် တစ်နည်း ခံစားရမြဲပါ။ မောင်သင့်လည်း အခု ချစ်သူ အသစ်ရနေပြီဆိုတော့ ဖြေသာမှာပါ။ အခု မိန်းကလေးနဲ့ရော အဆင် ပြေလား''

''အခု ကောင်မလေးက မော်ဒယ်သင်တန်းမှာ အတူတ ူ တက်ကြ ရင်း တွေ့ကြတာပါ။ ကျွန်တော့်ကို သိပ်ချစ်ရှာပါတယ်။ ဒါပေမဲ့ အန်ကယ်ရယ် ကျွန်တော့်ဘဝအကျိုးပေးကလည်း အချစ်ရေးမှာ ကံမကောင်းပါဘူးဗျာ။ သူတို့လည်း ချမ်းသာတဲ့အသိုင်းအဝိုင်းကပဲ။ ထုံးစံအတိုင်း သူ့မိဘတွေက ကျွန်တော်နဲ့ သဘောမတူဘူး''

''သူကရော …နာမည်ရနေပြီလား။ ဘယ်သူများပါလိမ့်''

'' နှင်းပွင့်ဖြူ တဲ့။ မော်ဒယ်ရှိုးတွေမှာ သူ မပါပါဘူး အန်ကယ်။ သူ့အိမ်က သင်တန်းတက်တာသာ ခွင့်ပြုတာ။ စင်ပေါ် မတက်ရဘူး။ လူလုံးပြ မဖျော်ဖြေရဘူးလို့ ကန့်သတ်ထားတယ်''

''သြော …သြော''

''အနုပညာကို နားလည်မှု မရှိတဲ့အသိုင်းအဝိုင်းထဲ ဝင်ဆံ့ဖို့ မလွယ်ပါဘူး အန်ကယ်။ အဲဒီလိုလူတွေက ပိုက်ဆံချမ်းသာရင် ပိုဆိုးတယ်။ ကျွန်တော်ကလည်း ဒီလိုအသိုင်းအဝိုင်းက မိန်းကလေးတွေနဲ့မှ ကြုံရပါတယ် ဗျာ''

''အင်း …မောင်သင့် ခံစားချက်တွေ ကြားရတာ အန်ကယ် တောင် ငယ်မူပြန်ပြီး နှလုံးသားခံစားချက် အချစ်ဝတ္ထုရေးချင်စိတ် ပေါက်လာ ပြီ''

ဦးလင်းအောင်က အရွှန်းဖောက်လိုက်သည်။

''ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ယောကျ်ားလေးဆိုတာ ဘယ်နေရာမဆို ဦးဆောင်တဲ့အပိုင်းကနေရတာ ကိုး။ အနုပညာလုပ်ငန်းဆိုတာက မရေရာတော့ အောင်မြင်မယ် မအောင်မြင်ဘူး မမှန်းဆနိုင်ဘူး မဟုတ်လား။ ဒီတော့လည်း

မိန်းကလေးရှင်မိဘတွေအနေနဲ့ မယုံရဲတာကို အပြစ်မဆိုသာဘူးပေါ့လေ။ မောင်သင့် အောင်မြင်မှုရခဲ့ရင် စီးပွားရေးကပါ အလိုလိုကပ်ပါလာမှာပါ။ အဲလို အခြေအနေမျိုးရောက်ရင်တော့ မောင်သင့်အပေါ် အမြင်ကြည်သွားပါ လိမ့်မယ်။ အထင်ကြီး လာကြပါလိမ့်မယ် မောင်သင့်။ ဒီတော့ကာ မောင်သင့် အနေနဲ့ အောင်မြင်အောင် ကြိုးစားပြဖို့ပဲ လိုပါလိမ့်မယ်။ မောင်သင့် အောင် မြင်ဖို့ကို အန်ကယ်က အစွမ်းကုန်ထောက်ပံ့သွားမှာပါကွယ်''

''မှန်လိုက်တာ အန်ကယ်။ တစ်နေ့မှာ သူတို့အားလုံး ကျွန်တော့်ကို မော်ကြည့်ရအောင် ကြိုးစားမယ် အန်ကယ်။ ကြိုးစားမှုရှိရင် အောင်မြင်မှု မလွဲမသွေ ရမယ်လို့ ကျွန်တော် ယုံပါတယ်''

သင့်တင့်အောင်က အလေးအနက် ပြောလိုက်လေသည်။

*

နှင်းပွင့်ဖြူက သူ့စကားများကို အံ့သြလွန်း၍ မယုံနိုင်လောက် အောင် ဖြစ်နေရလေသည်။

''သြော် ...လောကမှာ ဒီလိုလူမျိုးလည်း ရှိသေးတာကိုးနော်''

''ဒါပေါ့ ဖြူ ...အန်ကယ်က မုဆိုးဖိုကြီး။ သားသမီး းလည်း မရှိတာဟာ မောင့်အတွက် အဆင်ပြေသွားတာပေါ့။ သူ့မှာ တခြားပြန်ကြည့် စရာ မရှိဘူးလေ။ သူက သူ့ဇာတ်ကောင် အာကာဘိုကို ရုပ်ရှင်မှာပါ နာမည် ကျန်အောင် အစွမ်းကုန်လုပ်မှာ ဖြူရ''

''မောင်တော့ ပွတာပဲ။ မောင် အောင်မြင်ပါစေ။ ရတဲ့အခွင့်အရေးကို လက်မလွှတ်တမ်း ဆုပ်ကိုင်ထားပေတော့မောင်''

''မောင် ကြိုးစားမှာပါ ဖြူရယ်''

နှင်းပွင့်ဖြူမျက်ဝန်းများက ဝမ်းသာမှုဖြင့် ကြည်လဲ့နေသည်။ ချစ်သူ ၏ ကံကောင်းမှုအတွက် ကြည်နူးရသလို သူတို့ဘဝ အနာဂတ်လှပဖို့အတွက် လည်း မျှော်လင့်ချက်အလင်းရောင်တစ်ခု လင်းလက်လာပြီ မဟုတ်ပါလား။

''မောင်အောင်မြင်မှ ဖြူနဲ့ နီးရမှာ။ အင်း …မောင့်ကို အောင် လည်း အောင်မြင်စေချင်တယ်။ သိပ်နာမည်ကြီးသွားမှာလည်း ကြောက် တယ်''

''ဘာဖြစ်လို့လဲ ဖြူ''

''အို …မောင်နာမည်ကြီး ရုပ်ရှင်မင်းသားဖြစ်ရင် ကောင်မလေး တွေ ဝိုင်းနေမှာပေ့ါ။ မောင် ဖြူ့ကို မေ့သွားမှာ ကြောက်တာပေ့ါ''

''ကောင်မလေး …မောင့်ကို ခုထိမယုံသေးပဲကိုး။ လာ …ဒီ နား တိုးစမ်း''

သင့်တင့်အောင်က နှင်းပွင့်ဖြူ ပခုံးကိုဆွဲပြီး သူ့နားကပ်စေလိုက် သည်။ ပြီး နှင်းပွင့်ဖြူနားရွက်နားသို့ သူ့နှုတ်ခမ်းကို ကပ်ကာ တစ်စုံတစ်ခုကို တိုးတိုးလေး ပြောလိုက်၏ ။

'' Äâx,%-+ ''

နှင်းပွင့်ဖြူထံမှ ကြည်နူးမှုရောစွက်သော ရယ်သံခိုးခိုးခစ်ခစ်များ ထွက်လာသည်။

သင့်တင့်အောင် တီးတိုးပြောလိုက်သောစကားမှာ သူတို့ ချစ်သူ နှစ်ဦးသာ နားလည်သည့် သင်္ကေတစကားတစ်ခု ဖြစ်ပါသည်။ သူတို့နှစ် ယောက်ကြားမှ ဃသိန္နသမိ တစ်ခုလည်း ဖြစ်သည်။ ထိုသင်္ကေတစကား ဃသိန သမိ ကို သူတို့နှစ်ယောက်မှ လွဲ၍ မည်သူမှမသိ။ နားလည်း မလည် ကြပေ။

''ကဲ …ယုံပြီ မဟုတ်လား''

''ယုံပါပြီ မောင်ရဲ့''

''အန်ကယ်က မောင့်ကို မနက်ဖြန် သူ့အိမ်လာဖို့ ဖိတ်ထားတယ်။ အန်ကယ်က ဖြူနဲ့လည်း တွေ့ချင်တယ်တဲ့''

''ဟင် ...ဘာဖြစ်လို့လဲ''

''မောင်နဲ့ ပတ်သက်သမျှလူတွေနဲ့ ရင်းနှီးထားချင်လို့တဲ့။ မောင့် အသိုင်းအဝိုင်းကိုသိထားမှ မောင့်အပေါ် နားလည်မှုရမှာတဲ့။ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိမှ အလုပ်တွဲလုပ်လို့ ကောင်းတာတဲ့ဖြူ''

''သူက အဆန်းပဲနော်''

''အန်ကယ်က စာရေးဆရာကိုး။ စိတ်ကူးက သူများနဲ့ ဘယ်တူ မလဲ''

''မောင့်ကို စင်တင်ပေးမယ့် အလုပ်ရှင်ပဲ။ ဖြူ တွေ့မှာပေ့ါ မောင်။ ဒါပေမဲ့ အခုလောလောဆယ်တော့ ဘယ်ဖြစ်ဦးမှာလဲ။ အိမ်ကလည်း မောင်နဲ့ ပတ်သက်နေရင် လွှတ်မှာမဟုတ်ဘူး။ ခုတောင် ကွန်ပျူတာသင်တန်းက လစ်ထွက်လာရတာ လေ''

''ဟုတ်ပါတယ်။ မောင်ကလည်း အေးအေးဆေးဆေးမှ တွေ့ပေး မှာပါ''

''မောင်သာ အန်ကယ်ကြီး စိတ်ကျေနပ်အောင် ဆက်ဆံပါမောင်။ အလုပ် မလုပ်ရခင် မောင့်ကို စိတ်ပျက်မသွားအောင်ပေ့ါ။ မောင့်ကိုမယုံလို့ ပြောတာ မဟုတ်ဘူး။ မောင်ကလူတကာ ချစ်အောင် နေတတ် ပြောတတ် တာသိတယ်။ မောင့်ကို တင် ပေးမယ်လို့ ဆုံးဖြတ်ပြီးကာမှ ကံဖယ် သွားမှာ စိုးလို့''

''စိတ်ချပါ ဖြူရယ်''

ခွဲရခါနီး မှာ သင့်တင့်အောင်က နှင်းပွင့်ဖြူနားကို ကပ်၍ သူတို့ရဲ့ Code Word သင်္ကေတစကားလေးကို ပြောလိုက်သေးသည်။

'' Äâx,%-+ ''

နှင်းပွင့်ဖြူမျက်နှာမှာ အပြုံးဖြင့် ကြည်လင်ရွှန်းမြသွားလေသည်။

*

ခြံကြီးမှာ ကျယ်ဝန်းလှပေသည်။

ရန်ကုန်မြို့ဆင်ခြေဖုံးတစ်နေရာတွင်ရှိသော ဦးလင်းအောင်၏ ခြံကြီး မှာ ဧကပေါင်းများစွာ ကျယ်ဝန်းပြီး ခြံ၏ နောက်ဘက်ခပ်ကျကျတွင် တစ်ထပ်တိုက်အိုလေးတစ်လုံးသာ ထီးထီးတည် ရှိနေသည်ကို တွေ့မြင်နေရပါသည်။

သင့်တင့်အောင်သည် သံတိုင်အတုတ်ကြီးများဖြင့် ကာရံထားသည့် ခြံတံခါးဝဆီမှ အတွင်းသို့ လှမ်းကြည့်လိုက်သည်။

တစ်ထပ်တိုက်ကလေးမှာ ခိုင်ခံ့သပ်ရပ်ပုံရှိသော်လည်း အိုမင်းဟောင်းနွမ်းလှပေပြီ။ ဆေးအသစ်သုတ်၍ ပြုပြင်ထိန်းသိမ်းခြင်း မရှိသောကြောင့် ညှိုးလျော်နွမ်းခြောက်သည့်ပုံပေါ်နေ ခြင်း ဖြစ်ပေမည်။

ခြံထဲတွင်လည်း သစ်ပင်ကြီးများ၊ ချုံနွယ်များ ပြည့်နေပေ၏ ။

ဦးလင်းအောင်တစ်ယောက်တည်းနေသော ခြံကြီးမှာ ကျယ်လွန်းလှ ပြီး အုတ်တံတိုင်းအမြင့်အထူကြီးများ ပတ်ပတ်လည် ကာရံထားသောကြောင့် သီးခြားကမ္ဘာသဖွယ် ဖြစ်နေပေ၏ ။

သင့်တင့်အောင်က လူခေါ်ခေါင်းလောင်းနှိပ်ရန် တံခါးဘောင် အုတ်တံတိုင်းတွင် ရှာကြည့်လိုက်၏ ။

လျှပ်စစ်လူခေါ်ခေါင်းလောင်းကို မတွေ့ရချေ။ ကြိုးနှင့် ဆက်သွယ်ထားသည့် လှုပ်ယမ်းစရာ ခေါင်းလောင်းလည်း မမြင်ရပါ ချေ။

ခက်နေပြီကော။ ဝေးလံသောတိုက်အိမ်ထဲက ကြားရသည် ထိ အသံကုန် အော်ခေါ်ရတော့မည့်ပုံပေါ်နေသည်။

ဤနေရာသည် ယခင်ကမြို့နှင့် အလွန်အလှမ်းဝေးသော သီးခြား ဆိတ်ငြိမ်ရပ်ကွက်တစ်ခု ဖြစ်ခဲ့၏ ။ တိုးပွားလာသော လူဦးရေနှင့် ခေတ်မီတိုး တက်လာသော လူနေမှုစနစ်ကြောင့် မြို့ပြဧရိယာ ကျယ်ပြန့်လာရာ ယခုတော့ ဤနေရာတွင် ဥယျာဉ်မြို့တော်များ၊ ကွန်ဒိုမီနီယံများ၊ စူပါမားကက်များနှင့် စည်ကားနေပေပြီ။

ဦးလင်းအောင်၏ ခြံတစ်ခုတည်းသာ ကွက်၍ ရှေးဟောင်းပုံစံအတိုင်း ကျန်နေရစ်ဆဲ ရှိသည်ကို တွေ့ရပါ၏ ။ သင့်တင့်အောင်က ခြံတံခါးသံတိုင်များကို ကိုင်လှုပ်ရန် ကြိုးစား ကြည့်သေးသည်။ သံတိုင်များမှာ ကလေးလက်ကောက်ဝတ်ခန့် တုတ်နေပါ၍ လှုပ်သော်လည်း တုပ်တုပ်မှ လှုပ်မလာပါချေ။

နောက်ဆုံးတော့ အိမ်ထဲမှ ဦးလင်းအောင် ကြားအောင် အော်ခေါ် ဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။ သူ့ကို ဒီနေ့ ဒီအချိန်မှာ လာရောက်ဖို့ ချိန်းထားပါ၍ အိမ်ထဲတွင် ဦးလင်းအောင် ရှိနေပါလိမ့်မည်။

သင့်တင့်အောင်က အော်ခေါ်ရန် အသင့်ပြင်လိုက်၏ ။

ထိုစဉ်မှာပဲ ...

''ဝင်ခဲ့ပါ မောင်သင့်။ အန်ကယ် တံခါးကို ဒီကနေ ဖွင့်ပေးလိုက်ပ့ါ မယ်။ ဝင်သာလာခဲ့ပါ''

ဦးလင်းအောင်၏ အသံသည် ပီပြင်ကြည်လင်စွာ ထွက်ပေါ်လာပါ၏ ။ နံရံအုတ်တံတိုင်းအတွင်းမှ ကပ်၍ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

အုတ်တံတိုင်းအတွင်းမှာ အသံလွှင့်စက် မြုပ်ထားခြင်းပဲ ဖြစ်ပါလေ မည်။

အသံဆုံးသည်နှင့်လေးလံသော သံတံတိုင်းကြီးသည် အလယ်မှ ဟ၍

တံခါးနှစ်ချပ်မှာ အုတ်တံတိုင်းနံရံ တစ်ဖက်တစ်ချက်စီသို့ ဝင်သွားကြ သည်။ လူတစ်ယောက်ဝင်သာရုံအရှိတွင် တံခါးချပ်မှာ တန့်သွား၏ ။

သင့်တင့်အောင်က ဟသွားသောတံခါးပေါက်မှ ခြံအတွင်းသို့ လှမ်း ဝင်လိုက်သည်။

သူ့နောက်မှ သံတံခါးကြီးသည် အလိုအလျောက် ပြန်ပိတ်သွားလေ ၏ ။ တံခါးကို ဦးလင်းအောင်က အိမ်အတွင်းမှ ထိန်းချုပ်ကိုင်တွယ်နေခြင်းပဲ ဖြစ်ပါလိမ့်မည်။

ဒီလိုတော့လည်း ခေတ်အမီသားပါလား။။

သင့်တင့်အောင်က နောက်ပြန်လှည့်ကြည့် အကဲခတ်လိုက်မှ အုတ် နံရံကို ထွင်း၍ မြှုပ်ထားသော အသံလွှင့်စက်အသေးလေးကို တွေ့လိုက်ရ လေသည်။

ခြံနောက်ဘက်ရှိ တစ်ထပ်တိုက်လေးရှိရာသို့ လမ်းလျှောက်လာသည့် အချိန်သည်ပင် သုံးမိနစ်ခန့်ကြာပါ၏ ။ ဦးလင်းအောင်က တိုက်ကလေး၏ အဝတွင်ရပ်လျက် ကြိုဆိုနေပေ သည်။

''လာဟေ့ ...မောင်သင့်''

''အန်ကယ်တစ်ယောက်တည်း နေတဲ့နေရာက ပျင်းစရာ မကောင်း ဘူးလားဗျာ။ အင်းလေ ...စာရေးဆရာတစ်ယောက်အတွက်တော့ အေး အေးလူလူ စာရေးလို့ရတာ ပေါ့''

''ဒါက အန်ကယ်ရဲ့ မွေးစားဖခင်ကြီး အမွေပေးခဲ့တဲ့ တိုက်ပါ မောင်သင့်။ အန်ကယ် ဒီမှာအမြဲမနေပါဘူး။ မြို့ထဲမှာ အန်ကယ့်တိုက်ခန်း ရှိတယ်လေ။ အန်ကယ့်ဇနီးမဆုံးခင်ကလည်း မြို့ထဲမှာပဲနေတာ။ ဒီမှာ အနေ နည်းပါတယ်။ အန်ကယ့်ဇနီးဆို ဒီတိုက်ကို တစ်ခေါက်ပဲ ရောက်ဖူးတယ်။ ကြောက်လို့ဆိုပြီးနောက် ခေါ်လို့မရတော့ဘူး''

''ဟင်''

နှောက်တစ်ခေါက်မလာချင်လောက်အောင် ကြောက်စရာ ဘာများ ရှိလို့ပါလိမ့်။

''မောင်သင့်ကိုတော့ ရောက်ဖူးအောင် တမင်ကို ဒီကို ဖိတ်လိုက်တာ ပဲ။ ကဲ ...လာ မောင်သင့်။ အထဲဝင်ကွယ့်''

အဝတွင် ရပ်စကားပြောနေရာမှ ဦးလင်းအောင်နောက်သို့လိုက်ပြီး တိုက်ထဲဝင်လိုက်သည်။

အတွင်းပိုင်းကား ထူးခြားမှုမရှိ၊ ရှင်းလင်းနေပေသည်။

ရှေးဟောင်းဆက်တီတစ်စုံကိုသာ ဧည့်ခန်းတွင်တွေ့ရ၏ ။ ထူ ပိန်း၍ လေးလံပုံရသော ကနုတ်ပန်းများ ရက်ရှယ်ထားသည့် ကုလားထိုင်ကြီးများ နှင့် ခြေထောက်လေးဖက်ကို နဂါးလေးကောင်ပုံ ထုလုပ်ထားသော ကျွန်းစားပွဲ ကြီးတစ်လုံး။

ကျယ်ဝန်းသော ဧည့်ခန်းနံရံတွင်တော့ ပန်းချီကားကြီးနှစ်ချပ်က နေရာယူထားသည်။ သင့်တင့်အောင်က လက်ရာ မြောက်လှသော ပန်းချီကား ကြီးနှစ်ချပ်ကို ငေးကြည့်လိုက်မိသည်။

ကုလားထိုင်မှာပင် မထိုင်မိသေး။

ပန်းချီပညာကို နားမလည်သော်လည်း လူအရွယ်အစားအတိုင်း ရေးဆွဲထားသည့် ပန်းချီကားကြီးများမှာ အပြင်ကသက်ရှိလူကိုယ်တိုင် မတ် တတ်ရပ်နေသလို ထင်ရအောင် ရေးဆွဲထားနိုင်သည်မို့ ရေးဆွဲသူ၏ ပညာကို ချီကျူးလိုက်မိသည်။

''ပန်းချီကားကြီးတွေကို စိတ်ဝင်စားပုံ ရတယ်။ ညာဘက်ကပုံဟာ အန်ကယ့်ရဲ့ မွေးစားဖခင်ကြီး ဦးချမ်းငြိမ်းပဲကွယ့်''

ဦးလင်းအောင်က ရှင်းပြရင်း ပန်းချီကားများရှိရာနံရံဆီ လျှောက် သွား၍ သင့်တင့်အောင်လည်း နောက်မှလိုက်သွားလိုက်သည်။

သင့်တင့်အောင် စိတ်ဝင်စားမိသည်မှာ ညာဘက်မှ ဦးချမ်းငြိမ်းပုံ မဟုတ်။ ဘယ်ဘက်မှ ရှေးဆန်လှသော လူပုဂ္ဂိုလ်ကြီး၏ ပုံ ဖြစ်သည်။ ပုံထဲ တွင် ထိုပုဂ္ဂိုလ်ကြီး ဝတ်စားဆင်ယင်ထားပုံမှာ ခေတ်အမြင်ဖြင့် ထူးဆန်းနေ သည်။

ပုဂ္ဂိုလ်ကြီးသည် မြန်မာဆန်ဆန် ခေါင်းပေါင်းနှင့် ရင်ဖုံးပါသော တိုက်ပုံအကျႌကို ဝတ်ဆင်ထား၏ ။ ဒီအထိ မထူးဆန်းလှသေး။

ထူးဆန်းသည် မှာ ပုဂ္ဂိုလ်ကြီး၏ အောက်ပိုင်းဝတ်စားဆင်ယင်မှု ဖြစ်သည်။ အပေါ်ပိုင်းတွင် မြန်မာဆန်စွာ ခေါင်းပေါင်းနှင့်တိုက်ပုံနှင့် ဝတ်စားထားပြီး အောက်ပိုင်းကျတော့ ဥရောပနိုင်ငံသားတစ်ယောက်ကဲ့သို့ ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပေ၏ ။

သင့်တင့်အောင်က ပုဂ္ဂိုလ်ကြီးပုံကို အနီးကပ်၍ စိတ်ဝင်စားစွာ မော့ကြည့်လိုက်သည်။ အကယ်၍ များ ယခုခေတ်တွင် တစ်စုံတစ်ယောက်က ပန်းချီကားထဲကအတိုင်း ဝတ်စားဆင်ယင်ခဲ့လျှင် ဟာသဖြစ်နေလိမ့်မည်။ ပန်းချီကားထဲကလူကတော့ သရုပ်ပျက်အောင် တမင်ဝတ်စားထားခြင်း ဟုတ် ဟန်မတူပါ။ ခံ့ညားသောသူ့ဥပမိရုပ်နှင့် သူ့အဆင်အပြင်မှာ တစ်မျိုးတော့ လိုက်ဖက်ကြည့်ကောင်းနေပေသည်။

သင့်တင့်အောင်လို ခေတ်လူငယ်လေးတစ်ယောက်၏ အမြင်တွင် တွေ့တွေ့ချင်းမို့ ထူးဆန်းသလို ခံစားလိုက်ရခြင်း ဖြစ်ပါ၏ ။

''မောင်သင့်က ကိုယ်တော်ကြီးဘုရားကို စိတ်ဝင်စားပုံရတယ်။ ဒီပုံဟာ ကိုယ်တော်ကြီးဘုရားရဲ့ ပုံတော်ပဲကွယ့်။ အန်ကယ့် ကိုဦးချမ်းငြိမ်းက မွေးစားခဲ့သလို၊ ဦးချမ်းငြိမ်းကိုလည်း ကိုယ်တော်ကြီးဖုရားက မွေးစားခဲ့တယ်''

''ဟုတ်ကဲ့''

''ကိုယ်တော်ကြီးဘုရားရဲ့နာမည်က ပက်ထရစ်ကနောင် တဲ့''

''ဗျာ''

''သူဟာ အိမ်ရှေ့စံကနောင်မင်းသားကြီးရဲ့ မြေးတော်တစ်ပါးပဲ။ ကိုယ်လုပ်တော်မိဖုရားတစ်ပါးကမွေးတဲ့ သမီးတော်တစ်ပါးက ပေါက်ဖွားလာတဲ့ မင်းသွေးတစ်ပါး ဆိုပါတော့ကွယ်''

''ဟုတ်ကဲ့ ...နာမည်က ...''

''ဘိုနာမည် ဖြစ်နေလို့လား။ အရှင်နှစ်ပါးပါတော်မူချိန်မှာ ကိုယ်တော်ကြီးဘုရားဟာ အသက် ၁၂ နှစ်ရှိနေပြီလေ။ တခြားမင်းညီမင်းသားတွေလိုပဲ မယ်တော်နဲ့အတူ တိမ်းရှောင်ရင်းက ကိုယ်တော်ကြီးဘုရားကို ဘိလပ်ပို့ပြီး ပညာသင်စေခဲ့တာပဲ။

ဘိလပ် ...အဲ ...အင်္ဂလန်ကိုသွားတော့ သက် တော် ၁၄ နှစ်ပဲရှိသေးတာကလား။ ဟိုမှာကျောင်းနေတော့ ဘိုနာမည်ပဲ ခံယူလိုက်တယ်လေ။ ပက်ထရစ်လို့။ အဘိုးတော်အိမ်ရှေ့မင်းရဲ့ ဂုဏ်ဒြပ်လည်း မပျောက်ပျက်ရအောင် ပက်ထရစ်ကနောင်လို့ တွင်ခဲ့ရတာ ပဲ''

''ကြာပြီပေ့ါနော်။ ရှေးတုန်းကအဖြစ်တွေပဲ''

''ကြာပြီပေ့ါလေ။ ကိုယ်တော်ကြီးဘုရားရဲ့ သက်တော်တောင် ၁၂၅ နှစ် ရှိနေပြီပဲ''

''ဗျာ''

''အဲ ...သက်ရှိထင်ရှားရှိခဲ့ရင် ပြောတာပါ။ ခုတော့ ကိုယ်တော်ကြီးဖုရားလည်း နတ်ရွာလားရှာပါပြီ''

''အန်ကယ် ...အန်ကယ်ကရော ကိုယ်တော်ကြီးဘုရားကို မီခဲ့လို့ လားဟင်''

ပက်ထရစ်ကနောင်၏ ဇာတ်ကြောင်းများကို ကိုယ်တွေ့ကြုံခဲ့ဖူး သလို ပြောပြနေပါ၍ သင့်တင့်အောင်က မေးလိုက်မိခြင်း ဖြစ်သည်။

''ဘယ်မီမလဲ မောင်သင့်ရဲ့။ အန်ကယ်မွေးတဲ့အချိန်မှာ ကိုယ်တော်ကြီးဘုရား နတ်ရွာစံပြီးပဲဥစ္စာ။ အန်ကယ်က တက္ကသိုလ်မှာတုန်းက သမိုင်း အဓိက ယူခဲ့တော့ ဒေါက်တာပက် ထရစ်ကနောင်အကြောင်း လေ့လာခဲ့ရလို့ သေချာသိနေတာပါ''

''ဒေါက်တာ ပက်ထရစ်ကနောင်''

''ဟုတ်တယ် ...သူဟာ လန်ဒန်တက္ကသိုလ်မှာ ဆေးပညာ သင်ယူခဲ့ပြီး ဆရာဝန်ဒေါက်တာဘွဲ့ရခဲ့တယ်။ အနောက်တိုင်း ဆေးပညာကို ပထမဆုံး သင်ယူခွင့်ရခဲ့တဲ့ မြန်မာလူမျိုးထဲမှာ တစ်ယောက် အပါအဝင် ပေါ့ကွယ်။ အသက်ငါးဆယ်ပြည့်တဲ့အချိန်မှာ မြန်မာပြည်ပြန်လာခဲ့တယ်''

''စိတ်ဝင်စားစရာပဲ အန်ကယ်''

''ကြုံမှ ကိုယ်တော်ကြီးဘုရားအကြောင်း အန်ကယ် ပြောပြပါဦးမယ် လေ။ စိတ်ဝင်စားစရာတွေ တစ်ပုံကြီးပါပဲ။ အန်ကယ်က သူ့အကြောင်းကို စာအုပ်တစ်အုပ် ပြုစုနေတာကွယ့်''

''ကောင်းပါတယ် အန်ကယ်''

''ကဲ ...ကဲ ...ထိုင်ဦး မောင်သင့်''

သင့်တင့်အောင်မှာ မမျှော်လင့်ဘဲ သိခွင့်ရလိုက်သော ဒေါက်တာ ပက်ထရစ်ကနောင်အကြောင်းကို ရင်ထဲမှာ စွဲသွားမိသည်။ မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ထားပုံမရသော လူသိနည်းသည့် ဖြစ်ရပ်တစ်ခုဖြစ်ပေလိမ့်မည်။

ထိုစဉ်ကတော့ ဒေါက်တာပက်ထရစ်ကနောင်ဆိုသူသည် သူ့ဘဝ တွင် အရေးပါအရာရောက်လာမည့် ထူးဆန်းသောလူတစ်ယောက်ဖြစ်ကြောင်း

သင့်တင့်အောင် မသိတတ်နိုင်ခဲ့သေး။

နတ်ရွာစံကွယ်လွန်သွားခဲ့ပါပြီဆိုသော ရှေးမြန်မာမင်းတစ်ပါး၏ အဆက်အနွယ် အသက် ၁၂၅ နှစ်ရှိပက်ထရစ်ကနောင်နှင့် မျက်နှာချင်းဆိုင် နဖူးတွေ့ ဒူးတွေ့ကြုံတွေ့ရမည်ကိုသာ ကြို၍ သိခဲ့ပါလျှင် ...

*